ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့ (17-6-2008) (၅၇၁၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တာဝန်ရှိသူများအနေဖြင့် လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပြည့်ဆည်းစီမံသည်သာမက မိမိခရိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်း မျက်ခြည်မပြတ်ဆောင်ရွက်မိုးစပါး စိုက်ဧကများ အပြည့်အဝ အချိန်မီစိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးရေးအတွက် အားထုတ်ကြိုးပမ်း

နေပြည်တော် ဇွန် ၁၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြောင်းမြမြို့ ဂုန်နီစက်ရုံသို့ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့အား စက်ရုံဧည့်ခန်းမ၌ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်က မြောင်းမြမြို့၌ လပွတ္တာမြို့နယ်မှ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးမှု၊ ၎င်းတို့၏ဆန္ဒအရ နေရပ်ဒေသသို့ ပြန်သူများအား နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် နေရပ်သို့ မပြန်လိုဘဲ မြောင်းမြမြို့နယ်အတွင်း နေလိုသူများအတွက် နေရာချထားပေးရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လေဘေးသင့်ပြည်သူများအတွက် နေရေး၊ စားရေးတို့ကို ပံ့ပိုးဖြည့်ဆည်းပေးသည့်အပြင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအလိုက် လုပ်ကိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးနေမှုများ၊ လေဘေးသင့်ဒေသများတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dao Viet Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dao Viet Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E.Mr.Dao Viet Trung နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Tran Van Tung လည်းတက်ရောက်သည်။ (သတင်းစဉ်)

ယနေ့ဆောင်းပါးအညွှန်း

"ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း တစ်ခုဟာ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ ထောက်ခံမှု ရနိုင်/မရနိုင် ဆိုတဲ့ အဓိကအချက်ကတော့ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်မှု ရှိ/မရှိနဲ့ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး အပေါ် အခြေခံမှု ရှိ/မရှိဆိုတဲ့အချက်မှာ မူတည်ပါတယ်။"

အောင်ဇေမင်း၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာပြည်သူတွေက ဘာကြောင့် တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့တာလဲ"**

(ဆောင်းပါး) စာမျက်နှာ-၆

အတည်ပြုဖောင် ၂း၁၀

ကြေးမုံ The Mirror

၁၇-၆-၂၀၀၈
(အင်္ဂါနေ့)

မြို့ပြပြည်ရွာ စိမ်းလန်းစိုပြည် အလှတိုး
အရိပ်ရပင်နှင့် စားပင်သီးပင်များ နှစ်စဉ် တိုးချဲ့စိုက်ပျိုး

သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများအားလုံး ရပ်တည်ရှင်သန်ရေးတွင် အကျိုးပြုလျက်ရှိသည်။ သစ်ပင်များစိုက်ပျိုးထားခြင်းဖြင့် အရိပ်ခိုနားနေရသည်။ စားပင်၊ သီးပင်များ စိုက်ပျိုးထား၍ သစ်သီးဝလံများ စားသုံးနိုင်ကြသည်။ သားငှက်တိရစ္ဆာန်များအတွက်လည်း အသိုက်အမြုံများကို ဖန်တီးပေးနိုင်လျက်ရှိသည်။

ထို့အပြင် သစ်ပင်သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်များကို စုပ်ယူနိုင်သည့်အတွက် အပူအအေး မျှတသော ရာသီဉတုကို ဖြစ်ပေါ်စေကြောင်းတွေ့ရသည်။ ထို့ကြောင့် သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသကဲ့သို့ ကျွန်းအထူးစိုက်ခင်းများ၊ ရေဝေရေလဲစိုက်ခင်းများကို တိုးချဲ့ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။

ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများကလည်း ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပကြသည်။ ရန်ကုန်တိုင်းအတွင်း မိုးရာသီသစ်ပင် စိုက်ပျိုးပွဲများကို ဇွန်လ ၁၅ ရက်နေ့က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မောင်းမကန်ကမ်းသာလမ်း၊ သန်လျင်မြို့နယ်၊ ဒဂုံတံတားချဉ်းကပ်လမ်း၊ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမရှေ့ ပြည်လမ်းတစ်လျှောက်တို့တွင် ကျင်းပခဲ့ရာ စိန်ပန်း၊ ခရေ၊ စားတမာ၊ မန်ကျည်း၊ ပျဉ်းမ၊ မဟော်ဂနီနှင့် ကျွန်းပျိုးပင် ခုနစ်ထောင်ကျော်ကို စိုက်ပျိုးခဲ့ကြသည်။

ရန်ကုန်တိုင်း သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် လှည်းကူး၊ မှော်ဘီနှင့် တိုက်ကြီးမြို့နယ်တို့ရှိ သစ်တောကြိုးဝိုင်းများအတွင်း ကျွန်းစိုက်ခင်း ဧက ၁၅၀၀နှင့် ဆည်နှင့်ရေလှောင်တမံများ၏ ရေဝေရေလဲ စိုက်ခင်း ဧက ၁၂၀၀တို့ကို မေလဆန်းမှ စတင်စိုက်ပျိုးလျက်ရှိသည်။

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့၌ ယခုနှစ် မိုးရာသီအတွင်း သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်ပေါင်း ခြောက်သိန်းကျော်ကို ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားရေးအတွက် အားထားရသည့်အပြင် မြို့ပြပြည်ရွာတစ်ခွင် စိမ်းလန်းစိုပြည်လှပမှု၊ ရာသီဉတုညီညွတ်မျှတမှုနှင့် သားငှက်တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲဂေဟစနစ်များ တည်ငြိမ်မှုတို့ကို အကျိုးပြုလျက်ရှိသဖြင့် ပြည်သူများအားလုံးက အရိပ်ရပင်နှင့်စားပင်သီးပင်များ နှစ်စဉ်တိုးချဲ့ စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၃ ရက်က မြို့နယ်ရုံး၌ ကျင်းပရာ ထက်၊ လယ်၊ မူ ကျောင်းသား၊ ကျောင်းသူ ၂၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၇၂၀၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က ဒု-ဦးစီး ဦးကျော်လွင်၊ ဦးသူရိန်ထွန်းနှင့် ဌာနခွဲစာရေးကြီး ဦးတင့်ဆွေတို့ထံ ပေးအပ်စဉ်။

(၅၀၆)

ပြည်သူ့သဘောထား
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်း စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၆

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၃ ရက် နံနက် ၇ နာရီခွဲတွင် တာဝန်ရှိသူများလိုက်ပါ၍ သန်လျင်မြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံ အမှတ်(၁၉)သို့ ရောက်ရှိပြီး လေမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် အမိုးအကာပျက်စီးသွားခဲ့သောစက်ရုံပင်မ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးဝင်းမြင့်ထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ကြရန် မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည်အထည်ချုပ်စက်ရုံ အမှတ်(၁၈) စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ၊ ဖိနပ်စက်ရုံအမှတ်(၂)၊ ပလတ်စတစ်ထုပ်ပိုးပစ္စည်း စက်ရုံ(သန်လျင်)နှင့် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဖန်ချက်စက်ရုံ (သန်လျင်)တို့သို့သွားရောက်၍ စက်ရုံများအလိုက် လေမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော စက်ရုံအဆောက်အအုံများနှင့် သိုလှောင်ရုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေကို စက်ရုံတစ်ခုချင်းအလိုက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာစက်ရုံမှူးနှင့် တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပလတ်စတစ်ထုပ်ပိုးပစ္စည်းစက်ရုံ (သန်လျင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး ဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့အနေဖြင့် အမျိုးသမီးများ စာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်အတွက် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ-အဖွဲ့ဝင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စီစီအေးက စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအကြောင်း ဟောပြောပြီး ဟောပြောပွဲအခမ်းအနားကို ရုပ် သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် လေဘေးသင့်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ကြောင်း နှိုးဆော်ခဲ့ရာ ဇွန် ၁၃ ရက်တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ဦးဝင်းစိန် ဉက္ကဋ္ဌ RV Management ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ စာရေးဆရာ ကျွန်းသားငမန်းနှင့်မိသားစုက ငွေကျပ် ၁၀၀၀၀၊ စာရေးဆရာကျွန်းစဉ်မြေစောခက်က ငွေကျပ် ၁၅၀၀၀၊ စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဦးမြင့်လွင် (ဖိုးကျော့)တို့က ငွေကျပ် ၁၀၀၀၀စီ၊ ဦးထွန်းရည် (မွန်စာပေ)-မိုးပန်းမွန်(ရာမည)မိသားစုက ငွေကျပ် ၂၀၀၀၀၊ ဗိုလ်မှူးကြီးမြင့်သူ(ငြိမ်း) (သူရိန်ဦး)က ငွေကျပ် ၁၀၀၀၀၊ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးလှရွှေ-ဒေါ်လှလှမိသားစုက ငွေကျပ် ၃၀၀၀၀၊ ဒေါ်စုစုအောင်ကျော် မိသားစုက ငွေကျပ်၂၀၀၀၀ နှင့် ဒေါ်ဆွေဆွေ၊ ဒေါ်နွယ်နွယ် မိသားစုက ငွေကျပ် ၅၀၀၀၀ တို့ကို လာရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

လေဘေးသင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် မည်သူမဆို အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးတည်ရှိရာ ရန်ကုန်မြို့ အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း-၂၅၂၄၁၇ နှင့် ၃၈၅၂၇၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ကျောင်းများအမြန်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ အမြန်ဆုံးပြုပြင်တည်ဆောက်သွားရန် လိုအပ်ပုံများ၊ လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသား လုပ်ငန်းရှင်များက ပါဝင်ကူညီပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က **မြောင်းမြခရိုင်အဆင့် တာဝန်ရှိသူများအနေဖြင့် လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဖြည့်ဆည်းစီမံဆောင်ရွက်သည်သာမက မိမိခရိုင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ခရိုင်၏ မိုးစပါးစိုက်ဧကများ အပြည့်အဝအချိန်မီစိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးရေးအတွက် အားထုတ်ကြိုးပမ်းကြရမည်**ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့မှ လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လပွတ္တာမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့ တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်နိုင်ရေးအတွက် (၃)မိုင်ကယ်ဆယ်ရေးစခန်းပတ်ဝန်းကျင်ရှိ မြေနေရာများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိမိတို့ဒေသသို့ ပြန်လည်မနေလိုတော့သည့် လေဘေးသင့်ပြည်သူများအား မြေနေရာချထားပေးမည့် (၇)မိုင်မြို့ကွက်သစ်ဖော်ထုတ်ရေးနေရာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက အဆိုပြုမြို့ကွက်သစ်များ၌ ဖော်ထုတ်နိုင်မည့် မြေကွက်များအခြေအနေကို မြေပုံများဖြင့်ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး မြို့ကွက်သစ်ဖော်ထုတ်ရန် လျာထားသည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် (၅)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည့်ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်လေဘေးသင့် ပြည်သူများအတွက် ဖွင့်လှစ်ထားသည့် (၅)မိုင် ကယ်ဆယ်ရေးစခန်းတွင် ကလေးငယ်များအား ယာယီကျောင်းဆောင်ဖြင့် စာသင်ကြားပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ပြန်လည်ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းအခြေအနေကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် (၃)မိုင် ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ထွက်ခွာ၍ မြို့ကွက်သစ်ဖော်ထုတ်ရန် အဆိုပြုလျာထားသည့်မြေနေရာများကို ရဟတ်ယာဉ်ဖြင့် ထပ်မံလှည့်လည်ကြည့်ရှုကြပြီး ပုသိမ်မြို့သို့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းယောင်းမြို့နယ်၏ ခြစည်းရိုးကြက်ဆူပျိုးခြံ ကြည့်ရှု တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာရှိ ဝမ်ပုံဆိပ်ကမ်းကို စစ်ဆေး

နေပြည်တော် ဇွန် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၄ရက် နံနက်၈နာရီတွင် မိုင်းယောင်းမြို့နယ်၏ ခြံစည်းရိုးကြက်ဆူ ပျိုးခြံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ၂နာရီတွင် တာချီလိတ်မြို့သို့ ရောက်ရှိပြီး တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာရှိ ဝမ်ပုံဆိပ်ကမ်းကိုကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ခံအရာရှိက ဝမ်ပုံဆိပ်ကမ်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က တာချီလိတ်၊ ဝမ်ပုံ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝမ်ပုံကျေးရွာ တြိဂံအငူရှိ နယ်ခြားမှတ်တိုင်ကို ကြည့်ရှုစစ်ဆေးပြီး တာချီလိတ်မြို့တွင် ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ တြိဂံအငူရှိ နယ်ခြားမှတ်တိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်နှင့် အမာမြို့အတွင်း လယ်ယာကဏ္ဍပြန်လည်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၁၆

ဖျာပုံမြို့နယ်၌ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးရာသီအတွင်း လျာထားဧက ၁၃၆၃၆၇ဧက၊အမာမြို့၌ ၇၅၄၈၇ဧက စုစုပေါင်းလျာထားဧက၂၁၁၈၅၄ဧက စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျာထားဧကပြည့်မီရေးအတွက် ဇွန် ၉ ရက်အထိ လက်တွန်းထွန်စက် ၂၈၄စီး၊ ခိုင်းကျွဲခိုင်းနွား ၁၈၄ ကောင်၊ အထွက်ကောင်းမျိုးစပါး၃၅၈၂တင်း ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။ ဖျာပုံမြို့နယ်နှင့် အမာမြို့အတွင်း မြေပြုပြင်ပြီးဧကအဖြစ် ထွန်စက်ဖြင့်၅၂၂၄ဧက၊ ကျွဲနွားဖြင့် ၁၂၅၁ ဧက စုစုပေါင်း၆၄၇၅ဧက၊ ဖျာပုံမြို့နယ်အတွင်း ပျိုးထောင်ပြီးဧက ၈၉ ဧကနှင့် စိုက်ပြီးဧက(ကြဲခင်း)၉၅၁ဧကနှင့် အမာမြို့အတွင်း စိုက်ပြီးဧက (ကြဲခင်း) ၂၁၂ဧက စုစုပေါင်းစိုက်ပြီးဧက ၁၁၆၃ဧကရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ်နှင့် အမာမြို့အတွင်း လအလိုက် စိုက်ပျိုးမည့် အစီအစဉ်အဖြစ် ဇွန်လအတွင်း ဧက၄၀၀၀၀နှင့် ဇွန်လနောက်ပိုင်းအတွင်း ဧက ၁၇၁၅၈၀စိုက်ပျိုးရန်စီစဉ်ထားရာ လက်တွန်းထွန်စက်များ၊ ခိုင်းကျွဲခိုင်းနွားများ၊ ဓာတ်မြေဩဇာနှင့်စက်သုံးဆီတို့ကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပံ့ပိုးကူညီသွားမည့်အပြင် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးရာသီချေးငွေအဖြစ် ခန့်မှန်းတောင်သူဦးရေ၆၀၀၀ကျော်အား တစ်ဧက ငွေကျပ်၈၀၀၀နှုန်းဖြင့် ပထမအကြိမ် လျာထားချေးငွေစုစုပေါင်း၃၄၆၉သိန်းကို ထုတ်ချေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ဖျာပုံမြို့ရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၆

ဧရာဝတီတိုင်းအတွင်းရှိ ဖျာပုံမြို့ပေါ်နှင့် ရပ်ကွက်ကျေးရွာများ၌ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဝမ်းရောဂါများ မဖြစ်ပေါ်စေရေးအတွက် ခြင်ဆေးမှိုင်းမှုတ်ခြင်း လုပ်ငန်းများ၊ သောက်ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးများခတ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၇၅)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - သွေးသစ္စာအား အပိုင်း(၃၀)ဇာတ်သိမ်း**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့် စင်ကာပူနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဇွန် ၁၆

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force) ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံတွင် ဇွန်၁၇ရက်မှ ၂၀ရက်အထိကျင်းပမည့် ၂၀၀၈ ခုနှစ် အာရှဆက်သွယ်ရေးဆွေးနွေးပွဲနှင့်ပြပွဲ (Communic Asia 2008)သို့ တက်ရောက်ရန် ဇွန်၁၆ရက် နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအထွေထွေမန်နေဂျာဦးတင့်လွင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဌေးနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်တို့လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၃) သင်တန်း ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအားကို တိုင်းပြည်အတွက် အရေးကြုံချိန်၌ ပေါ်လွင်ထင်ရှားစွာ တွေ့ရ နိုင်ငံနှင့်အဝန်းရှိ ပြည်သူအပေါင်းသည် တစ်နေရာ၌ အရေးဒုက္ခကြုံတွေ့ရချိန်တွင် မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာ ဝိုင်းဝန်းကူညီခဲ့ကြ

ရန်ကုန် ဇွန် ၁၆

တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းကသင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ယှဉ်တွဲရပ်တည်နိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ ရည်မှန်းချက်မြင့်မြင့်မားမားထားရှိပြီး မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာရပ်များ၏ အရေးပါမှုနှင့် ပညာရှင်များ၏ ပဓာနကျသည့် အခန်းကဏ္ဍတို့ကို အသိအမှတ်ပြုပြီး အားထားဆောင်ရွက်လျက်လည်း ရှိပါကြောင်း။

နိုင်ငံတော်၏ တာဝန်ကို ရယူခဲ့ရချိန်ကစတင်ပြီး နိုင်ငံအတွင်းရှိနေသည့် ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ၊ ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ စွမ်းအားကိုအခြေခံပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင်ကြိုးပမ်းဆောင်ရွက်ရင်း တစ်ပြိုင်တည်းမှာပင် ဆည်မြောင်းတာတမံများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများနှင့် လမ်းမကြီးများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ စသည့် အခြေခံအဆောက်အအုံများ၊ မြို့ပြဖွံ့ဖြိုးမှု လုပ်ငန်းများကို သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ၏ စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သကဲ့သို့ နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းနှင့် အရည်အသွေးမြှင့်တင်မှုများကိုပါ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ခဲ့သဖြင့် ယခင်အခါက ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံဟု ပြောပလောက်အောင်မရှိခဲ့သည့် အခြေအနေကနေ ခေတ်မီနည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့အခြေအနေကို တက်လှမ်းရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်ထိန်းကျောင်းမှုများနှင့်အညီ ရေရှည်အနာဂတ်ကို မျှော်တွေးပြီး အဘက်ဘက်က ပြင်ဆင်ကြိုးပမ်းဆောင်ရွက်လာခဲ့မှုများသည် ယနေ့ နာဂစ်မုန်တိုင်းဒဏ်ကဲ့သို့ မမျှော်လင့်သော အရေးကိစ္စကြုံတွေ့လာရချိန်တွင် ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်သည့် အင်အားများဖြစ်လာရခြင်းပင် ဖြစ်ကြောင်း။

ပြည်သူများ၏ စားဝတ်နေရေးနှင့် ပတ်သက်၍ နိုင်ငံ၏ ဒေသအသီးသီးကို ဆန်စပါး ဖူလုံပိုလျှံစေရအောင် ဆည်မြောင်း တာတမံများ တည်ဆောက်ပြီး အားပေးဆောင်ရွက်ခဲ့သကဲ့သို့ စစ်ကိုင်းတိုင်းကိုလည်း ဧရာဝတီတိုင်းနှင့်မခြား တိုင်းပြည်၏ ဆန်အိုးကြီးဖြစ်ရေး၊ တနင်္သာရီတိုင်းကို မကွေးတိုင်းနှင့်မခြား တိုင်းပြည်၏ ဆီအိုးကြီးဖြစ်ရေး မျှော်မှန်းတည်ဆောက်ပေးခဲ့သည့်အတွက် ယနေ့ဆိုလျှင် မည်သို့ပင်အရေးကြုံပါစေ တိုင်းပြည်တွင် စားရေးအတွက် ဖူလုံပိုလျှံနေသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

အလားတူပင် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို အဆင့်မြှင့်တင်ပေးထားမှုကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်တင်လေယာဉ်အကြီးစားများ ဆင်းသက်နိုင်နေပြီဖြစ်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍတွင်သာမက နိုင်ငံတော်ပိုင်ကဏ္ဍတွင်လည်း အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများဖြင့် ခေတ်မီကုန်တင်ကုန်ချကိရိယာများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီး ကုန်တန်ချိန် ၁၅၀၀၀ဆံ့ ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ပြီ ဖြစ်သည့်အတွက် ယနေ့ နိုင်ငံတကာက လေဘေးကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို ရန်ကုန်မြို့အရောက် လွယ်ကူချောမွေ့စွာ ပို့ဆောင်ပေးနိုင်နေခြင်းဖြစ်ကြောင်း။

ထို့ပြင် ဧရာဝတီတိုင်းအတွင်း မြစ်ချောင်းများကိုဖြတ်သန်းပြီး လမ်းမကြီးများ၊ တံတားကြီးများကို ရည်မှန်းချက်ရှိရှိ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယနေ့ဧရာဝတီတိုင်းရှိ လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ပစ္စည်းများကို လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်လျက်ရှိကြောင်း။

ထို့အတူ ကြိုတင်ပြုစုပျိုးထောင်ထားသည့် အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ သမားတော်ကြီးများနှင့် ဆရာဝန် ဆရာမများ စသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအား၊ နိုင်ငံတော်က ဦးဆောင်စည်းရုံးအားပေးထူထောင်ထားသည့် လူမှုရေးအသင်းအဖွဲ့များ၏စွမ်းအားများသည် လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်ပေးမှုလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်စေရန် အထောက်အကူပြုပေးလျက်ရှိခြင်းကို တွေ့နိုင်ကြောင်း။

အဓိကအားဖြင့် နိုင်ငံတော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာဖြစ်ထွန်းနေသည့် အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအားကို ယခုကဲ့သို့ တိုင်းပြည်အတွက် အရေးကြုံရချိန်၌ ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံနှင့်အဝန်းမှာရှိကြသည့်ပြည်သူအပေါင်းသည်တစ်နေရာ၌အရေးဒုက္ခကြုံတွေ့ရချိန်တွင် မိသားစု စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြခြင်းမှာ လွန်စွာမှအားရဖွယ်ပင်ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံ၏ အနာဂတ်တည်ငြိမ်ခိုင်မာရေးအတွက် ပဓာနကျလှသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး၌ ဆန္ဒမဲပေးခွင့်ရှိသူစုစုပေါင်း၏၉၈ဒသမ၁၂ရာခိုင်နှုန်း လာရောက်ဆန္ဒမဲပေးခဲ့ကြပြီး အဆိုပါ ဆန္ဒမဲပေးသူများ၏၉၂ဒသမ၄၈ရာခိုင်နှုန်းက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးအတွက် တစ်ခဲနက် ထောက်ခံခဲ့ကြခြင်းသည် ပြည်သူအများ၏ အမျိုးသားရေးစိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားတက်ကြွရှင်သန်မှုကို ပေါ်လွင်ထင်ရှားစွာဖော်ညွှန်းပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

ဤတိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော်အနေနှင့်ပညာရေးကိုအခြေစိုက်ပြီး ကျောင်းသူ၊ ကျောင်းသားမျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်သူအများကို စိတ်ဓာတ်နှင့် ပညာရည်အရည်အသွေးကိုပါနှစ်ဖက်မျှတစွာ တိုးတက်မြင့်မားလာစေရအောင် စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများဟု ဆိုရမည်ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် မျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်သူအများစုကြီးသည် နိုင်ငံတော်က ထူထောင်ပေးထားသည့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ Internet ဆက်သွယ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့် အရည်အသွေးနှင့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည့်အတွက်နိုင်ငံတကာ အတွေးအမြင်သစ်များနှင့်အခြေအနေ အရပ်ရပ်ကို သုံးသပ်ဆင်ခြင်နိုင်စွမ်း ရှိပြီးအမြင်ကျယ်ကျယ် အတွေ့အကြုံပြည့်ပြည့်ဝဝဖြင့် အမျိုးသားရေးအတွက် ကြိုးပမ်း ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

တစ်ဖက်မှာလည်း ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ ကျန်းမာကြံ့ခိုင်မှု၊ လူနေမှုဘဝတိုးတက်မြင့်မားမှု အခြေခံကောင်းများသည် ပြည်သူများကို လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့်တကွ နိုင်ငံကြီးသားပီသစွာ မိမိနိုင်ငံ မိမိလူမျိုးအပေါ် ယုံကြည်ကိုးစားဂုဏ်ယူတတ်သည့် အလေ့အထများ၊ တစ်နည်းပြောရလျှင် လူမှုအရည်အသွေးနှင့် စိတ်ဓာတ်ရေးရာ စွမ်းအားများကိုပါ ခိုင်ခိုင်မာမာဖြစ်ထွန်းစေလျက်ရှိနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံတော်ကြီး အရှိန်အဟုန်မပျက် ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်စုံတွင် နိုင်ငံတကာအဆင့်မြင့် သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းနေရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၌ တိုးပွားဖြစ်ထွန်းနေရေး ပညာကဏ္ဍက ဆက်လက်ကြိုးပမ်းစွမ်းဆောင်ပေးရင်း နိုင်ငံ၏ ဖွံ့ဖြိုးမှုကို တစ်ရှိန်ထိုးမြှင့်တင်ပေးနိုင်စေရေး take-off ဖြစ်စေရေးအတွက် ဝိဇ္ဇာသိပ္ပံနှင့် နည်းပညာစွမ်းအားဖြင့် မြှင့်တင်ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမ ၂၉၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲတွင် သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

လပွတ္တာမြို့နယ်ရှိ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေ

သတင်းဆောင်းပါး-မျိုးညွန့် (ကြေးမုံ)
ဓာတ်ပုံ-ငွေအောင်(ကြေးမုံ)

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေမှန်များကို ပြည်သူများထံ တင်ပြရန်အတွက် မိမိတို့

ကျန်းမာရေး ဝန်ကြီးဌာနမှ ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိစဉ်။

သတင်းအဖွဲ့သည် ဇွန် ၇ ရက်တွင် လပွတ္တာမြို့ဝင်၌ ရွက်ဖျင်တဲများဖြင့် အစီအရီရှိနေသည့် ငါးမိုင် ကယ်ဆယ်ရေးစခန်းနှင့် သုံးမိုင် ကယ်ဆယ်ရေးစခန်းများကို သွားရောက်လေ့လာခဲ့ပါသည်။

ယင်းကယ်ဆယ်ရေးစခန်းများ၌ မုန်တိုင်းသင့်ပြည်သူများကို ရွက်ဖျင်တဲများဖြင့် သန့်ရှင်းသပ်ရပ်စွာ စနစ်တကျနေရာချထားပေးပြီး ၎င်းတို့၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန ဆေးပေးခန်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို)၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးအဖွဲ့၊ ဇေကမ္ဘာကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့တို့က ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ဂျပန်နိုင်ငံ ဆေးအကာအကွယ်ပေးရေးအဖွဲ့ကလည်း ဤသို့ ကျန်းမာရေးစောင့်ရှောက်မှု ပေးကြစဉ်။

မိမိတို့ သတင်းအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ မည်ကဲ့သို့ ဆောင်ရွက်ပေးသည်ကို သိရှိလို၍ လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး မြို့နယ်ဆရာဝန်ကြီး ဦးလှကြိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မြို့နယ် ဆရာဝန်ကြီး ဦးလှကြိုင်က“လပွတ္တာမြို့ ပြည်သူ့ဆေးရုံ

ဒေါက်တာ ဦးစိုးလွင်ငြိမ်းအား တွေ့ဆုံပြီး မေးမြန်းရာ “အဓိကအားဖြင့် ဒေသခံပြည်သူတွေ ကူးစက်ရောဂါ မဖြစ် ပွားအောင် ဝမ်းပျက်ဝမ်းလျှော၊ ဝက်သက်နှင့် မေးခိုင်ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်း၊ ရေတွင်းရေကန်များ၌ ဆေးခတ်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရအောင် ခြင်ယင်ပေါက်ပွားနိုင်သော

၎င်းပြင် သန့်ရှင်းသော သုံးရေ၊ သောက်ရေရရှိရန် သုံးရေကန်နှင့် ရေသန့်စက်ကြီးများ တပ်ဆင်၍ ၂၄ နာရီ ရေပေးဝေမှုကို တွေ့မြင်ရသည်။

ပျက်စီးမှုများကို သုံးရက်အတွင်း ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီး လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်း၊ အရေးပေါ်ကာလအတွင်း နေ့စဉ် အရေးပေါ်လူနာ ၅၀၀ နှင့် ၆၀၀ ကြား ကုသမှုပေးခဲ့ပါကြောင်း၊ ကိုယ်ဝန်ဆောင် မိခင်များကိုလည်း အထူးဂရုစိုက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါကြောင်း၊ အရေးပေါ်ကာလအတွင်း လူနာ ၆၂ ယောက်ကို ခွဲစိတ်ကုသမှု ပြုလုပ်ပေးနိုင်ခဲ့ကြောင်း” ရှင်းပြသည်။

ဆက်လက်၍ ကူးစက်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ သိရှိလို၍ ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါ တိုက်ဖျက်ရေးမှ ညွှန်ကြားရေးမှူး

ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ကလည်း ထိထိရောက်ရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးကြစဉ်။

နေရာများတွင် ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

“တစ်ပြိုင်တည်း ရန်ကုန်မှ အထူးကုဆရာဝန်ကြီးများ အဖွဲ့ တစ်ဖွဲ့ အင်အားထပ်ဖြည့်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ကူးစက်ရောဂါဖြစ်ပွားမှု မရှိခဲ့ကြောင်း” ရှင်းပြသည်။

ထို့နောက် ကူးစက်ရောဂါ မဖြစ်ပွားရေးအတွက် ကာကွယ်ဆေး

သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားစဉ်။

“မိခင်နှင့်ကလေး စောင့်ရှောက်မှုလုပ်ငန်းတွင်လည်း သံဓာတ်အားဆေးတိုက်ကျွေးပေးခြင်း၊ ကျေးရွာများတွင် ပြန်လည်နေထိုင်ကြသော သူများအား သဘာဝဘေးမခံရသည့် ဒေသများက ကျန်းမာရေးဝန်ထမ်းများကို စေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည့်အပြင် နယ်လှည့် ကျန်းမာရေးအဖွဲ့က ဝေးလံခေါင်ဖျားသဘော်ဖြင့် ကျေးရွာများကို သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်နိုင်ခြင်းတို့ကြောင့် လပွတ္တာမြို့ဝန်းကျင်

ဒေသခံပြည်သူများ ကူးစက်ရောဂါ မဖြစ်ပွားစေရန် ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ထိုးလုပ်ငန်းများကို စီမံချက်မန်နေဂျာ ဒေါက်တာ ဦးသန်းထိန်ဝင်းအား မေးမြန်းရာ “ကယ်ဆယ်ရေးစခန်းများရှိ အသက် ကိုးလမှ ၁၀ နှစ်အထိ ကလေးများအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးခဲ့ရာ ဇွန် ၁၁ ရက်နေ့အထိ ၂၁၈၀ ဦးကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း” ရှင်းပြသည်။

ဆက်လက်၍ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ထားမှု အခြေအနေများကို သိရှိလို၍ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်စိုး (ပတ်ဝန်းကျင် သန့်ရှင်းမှုဆိုင်ရာဌာန)အား မေးမြန်း

ခဲ့ရာ ယင်လုံအိမ်သာနှင့် သန့်ရှင်းသောရေရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခု လပွတ္တာမြို့ ရတနာဒီပ ဘောလုံးကွင်း၌ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းပြီး ယင်လုံအိမ်သာ ငါးခန်းတွဲ ၁၀ လုံး စုစုပေါင်းအလုံး ၅၀၊ သုံးမိုင်စခန်း၌ အလုံး၁၁၀၊ ငါးမိုင်စခန်း၌အလုံး ၁၁၀တို့ကို သတ်မှတ်ချက်နဲ့အညီ ဆောက်လုပ်ပေးထားပါကြောင်း။

ရေရရှိရေးတွင်လည်း ကယ်ဆယ်ရေးစခန်းများ၌ ရေသန့်စက်များကို တပ်ဆင်ထားရှိပါကြောင်း၊ ရောဂါမဖြစ်ပွားရေးအတွက် အမှိုက်ကျင်းများကိုလည်း အဖုံးများဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားကြောင်း” ရှင်းပြသည်ကိုကြားခဲ့ရပါသည်။ ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာပြည်သူတွေက ဘာကြောင့် တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့တာလဲ

လူမှာ အသိနှစ်မျိုးရှိပါတယ်။ ကိုယ်တိုင်တွေ့ကြုံဖြတ်သန်းခဲ့ရသောအသိနဲ့ တစ်ဆင့်ခံရရှိသောအသိ ဖြစ်ပါတယ်။ ကိုယ်တိုင်တွေ့ကြုံဖြတ်သန်းခဲ့ရသော ဘဝပေးအသိက ပိုမိုနက်ရှိုင်းခိုင်မြဲလေ့ရှိပြီး တစ်ဆင့်ခံရရှိသောအသိက နက်နဲခိုင်မြဲမှု နည်းလေ့ရှိပါတယ်။ ဥပမာအားဖြင့် စစ်ပွဲရဲ့ဒဏ်ရာဒဏ်ချက်ကို လက်တွေ့ခံစားရသူနဲ့ စစ်ပွဲရဲ့ဒဏ်ရာဒဏ်ချက်ကို တစ်ဆင့်ခံ ကြားသိခံစားရသူတို့ အသိမတူသလိုဖြစ်ပါတယ်။ ဒါကြောင့် လူမှုသိပ္ပံပညာရှင်တွေက လူ့ဆက်ဆံရေးအသိက လူ့ဆက်ဆံရေးဘဝကို မဖန်တီးနိုင်။ လူ့ဆက်ဆံရေးဘဝက လူ့ဆက်ဆံရေးအသိကို ဖန်တီးနိုင်တယ်။ လူနဲ့ပတ်ဝန်းကျင်ကသာ လူ့စိတ်ဓာတ်ကို ဖန်တီးတယ်လို့ဆိုပါတယ်။ မှန်ပါတယ်။ လူမျိုးအသီးသီးတို့ဟာ မိမိတို့နေထိုင်ဖြတ်သန်းလာခဲ့တဲ့ ကာလဒေသအခြေအနေပေါ်မှာ မူတည်ပြီး လူနေမှုစရိုက်များ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ကွဲပြားခြားနားလေ့ရှိပါတယ်။

ဒါကြောင့် နိုင်ငံနဲ့လူမျိုးအသီးသီးဟာ မိမိတို့ရဲ့ လူမှုဘဝနဲ့အညီသာ ဖြစ်ပေါ်တိုးတက်ရလေ့ရှိပါတယ်။ အခြားနိုင်ငံများကို တစ်ထပ်တည်းပုံတူကူးချလို့မရပါဘူး။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်ပြောင်းလေ့လာကြည့်ရင် ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အုပ်ချုပ်ခဲ့သော ဖဆပလခေတ်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်ပဋိပက္ခ စစ်မီးလောင်ကျွမ်းမှုဒဏ်ကို ပြည်သူတို့ ခါးစည်းခံလာခဲ့ရတယ်။ ဥပဒေတွင် နိုင်ငံရေးပါတီအဖွဲ့အစည်းများရဲ့ အုပ်စုဂိုဏ်းဂဏတိုက်ပွဲများကြောင့် နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားပြီး တော်လှန်ရေးကောင်စီက တာဝန်ယူခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရပ်ဆိုင်းသွားခဲ့ရပါတယ်။ အဲဒီနောက် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အုပ်ချုပ်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်ကျပြန်တော့ စီးပွားရေးနဲ့နိုင်ငံရေးကို ဗဟိုကချုပ်ကိုင်တဲ့အတွက် စီးပွားရေးအကျပ်အတည်းနဲ့ ကြုံလာခဲ့ရပြန်ပါတယ်။

ဒီကနေ့ တပ်မတော်အစိုးရခေတ်တွင် ယခင်အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာအောင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခင်ခေတ်များက မရနိုင်ခဲ့တဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ထူးထူးကဲကဲ ရရှိလာခဲ့ပါတယ်။ မပြောပလောက်တဲ့ တောတွင်းလက်နက်ကိုင် အနည်းငယ်သာ နယ်စွန်နယ်ဖျားမှာ ကျန်ပါတော့တယ်။ ဆက်ခံခဲ့ရတဲ့ စီးပွားရေးအကျပ်အတည်းမှ မဖြစ်မနေရုန်းထွက်ပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ် ကျင့်သုံးလာနိုင်တဲ့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးငယ်များ၊ အလယ်အလတ် ပညာတတ်လူတန်းစားသစ်များ ပေါ်ထွန်းလာခဲ့တယ်။ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံ တစ်ခုလုံးလည်း ပြောင်းလဲတိုးတက်လာခဲ့တယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေးဦးတည်ချက်နဲ့ အမျိုးသားညီလာခံကြီး ကျင်းပပြီး ညှိနှိုင်းရေးဆွဲချမှတ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အသက်ဝိညာဉ်ဖြစ်ပါတယ်။ ပညာရှင်တွေက **'ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံသူ နိုင်ငံသားများနဲ့ အစိုးရတို့အကြား တာဝန်ဝတ္တရား၊ လုပ်ပိုင်ခွင့်အာဏာနဲ့ အခွင့်အရေးတွေကို ခွဲဝေသတ်မှတ်ထားတဲ့ သဘောတူစာချုပ်ဖြစ်တယ်'**လို့ ဖွင့်ဆိုကြပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ခုဟာ သက်ဆိုင်ရာပြည်သူလူထုရဲ့ ထောက်ခံမှုရနိုင်/မရနိုင် ဆိုတဲ့ အဓိကအချက်ကတော့ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ သက်ဆိုင်ရာပြည်သူလူထုရဲ့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်မှုရှိမရှိနဲ့ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအပေါ် အခြေခံမှုရှိ/မရှိဆိုတဲ့အချက်မှာ မူတည်ပါတယ်။

မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံသို့ ထူထောင်ကူးပြောင်းလာခဲ့တဲ့ မြန်မာနိုင်ငံမှာ အမျိုးသားညီလာခံကြီးက ညှိနှိုင်းရေးဆွဲချမှတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဒီမိုကရေစီနည်းကျစွာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီး ပြုလုပ်အတည်ပြုပြဋ္ဌာန်းဖို့ကြေညာချက်အမှတ်(၁/၂၀၀၈) ထုတ်ပြန်ခဲ့ချိန်မှစ၍ NLD ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံး ကန့်ကွက်မဲပေးဖို့၊ ပြည်တွင်းပြည်ပအဆိုးမြင်ဝါဒီများက လူထုဆန္ဒခံယူပွဲကြီးကို ပျက်ပြားအောင်လုပ်ဖို့ အနောက်မီဒီယာ(၄)ခုနဲ့ပူးပေါင်းကာ နားကွဲမတတ် စည်းရုံးလှုံ့ဆော်လှုပ်ရှားလာခဲ့ကြတာ တွေ့ရပါတယ်။ **ကြေညာချက်အမျိုးမျိုးနဲ့လည်း ဆန့်ကျင်ခဲ့ကြတယ်။ ဒီအပေါ် ပြည်ပနိုင်ငံအချို့ကလည်း သွေးထိုးအားပေးခဲ့တယ်။**

ဒါပေမယ့် အဲဒီလုပ်ရပ်တွေဟာ ဘယ်လိုမှ မအောင်မြင်ခဲ့ပါဘူး။ **ဘာကြောင့်လဲဆိုတော့ မြန်မာပြည်သူတစ်ရပ်လုံးဟာ ကိုယ်ပိုင်အတွေ့အကြုံများနဲ့ အဆိုးအကောင်း၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်လို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒမဲပေးခွင့် ရှိသူဦးရေရဲ့ (၉၈ ဒသမ ၁၂)ရာခိုင်နှုန်း ဆန္ဒမဲပေးကြပြီး ဆန္ဒမဲပေးသူ စုစုပေါင်းရဲ့ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ကြတယ်။** ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ **ဒီမိုကရေစီနည်းလမ်းတကျ ထောက်ခံခွင့်၊ ကန့်ကွက်ခွင့် အပြည့်ရှိတဲ့အတွက် (၁၆၃၁၇၁၂)ဦး (၆ ဒသမ ၁)ရာခိုင်နှုန်းက လွတ်လပ်စွာကန့်ကွက်မဲပေးခဲ့ကြပါတယ်။ ကန့်ကွက်မဲပေးဖို့စည်းရုံးလှုပ်ရှားတဲ့ အုပ်စုများနဲ့ လူပုဂ္ဂိုလ်များကိုရော ကန့်ကွက်မဲပေးသူများကိုပါ တစ်စုံတစ်ရာအရေးယူမှုမရှိခဲ့ခြင်းက အထင်အရှားဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ မြန်မာပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝရရှိခဲ့တယ်။** ပြည်သူလူထုက တစ်ခဲနက်ပေးလိုက်တဲ့ Mandate အစစ်အမှန် ဖြစ်တယ်။

၁၉၉၀ပြည့်နှစ်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ကျင်းပခဲ့တဲ့ **ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ NLD ပါတီက အများစုအရွေးခံခဲ့ရပေမယ့် ပြည်သူလူထုကို ဘယ်လိုမှကိုယ်စားမပြုနိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆန္ဒမဲပေးသူသန်း (၂၀)ကျော်မှာ (၇)သန်းကျော်သာ ထောက်ခံမဲပေးခဲ့လို့ဖြစ်ပါတယ်။ ဥပမာအားဖြင့် လူ (၂၀)မှာ (၇)ယောက်ထောက်ခံရုံနဲ့ လူ(၂၀)လုံးကို ကိုယ်စားမပြုနိုင်လို့ ဖြစ်ပါတယ်။ ဒီမိုကရေစီ ထုံးတမ်းစဉ်လာအရ လူ(၂၀)ရဲ့တစ်ဝက်ကျော်ထောက်ခံမှသာ လူ(၂၀)လုံးကို ကိုယ်စားပြုနိုင်လို့ဖြစ်ပါတယ်။**

ဒါကြောင့် ဒီကနေ့မြန်မာပြည်သူတွေရဲ့ (၉၂ ဒသမ ၄၈)ရာခိုင်နှုန်းနဲ့ တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့တဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူ့ကိုယ်စားလှယ် (၇၅)ရာခိုင်နှုန်းနဲ့ တပ်မတော်ကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းတို့ ပူးပေါင်းပါဝင်တဲ့ အမျိုးသားညီညွတ်ရေး အစိုးရတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်တော့မှာဖြစ်တဲ့အတွက် မိမိတို့နိုင်ငံရဲ့ ပကတိ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်လျက်ရှိပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအပေါ် အခြေခံမှု ရှိ/မရှိ ဆိုတာနဲ့ ပတ်သက်လို့ ဆန်းစစ်ကြည့်ရင် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကြွန်အင်လက္ခဏာများကို အခိုင်အမာ အာမခံချက်ပေးထားပါတယ်။ ပြည်သူလူထုရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးပေါ်မှာ အခိုင်အမာ အခြေခံထားကြောင်း လေ့လာတွေ့ရှိ နိုင်ပါတယ်။

ကောင်းသထက်ကောင်းတဲ့ အကောင်းဆုံးတွေကို လေ့လာသိရှိလာတာမို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးမှာ ပြည်သူလူထုကြီးဟာ ဖြတ်သန်းခဲ့ရသော ခေတ်အဖုံဖုံမှ ဘဝအတွေ့အကြုံနဲ့ အခြေခံဥပဒေသုံးရပ်ကို နှိုင်းယှဉ်သုံးသပ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေရဲ့ (၉၈ ဒသမ ၁၂) ရာခိုင်နှုန်းတို့က ဆန္ဒမဲပေးခဲ့ကြတာဖြစ်ပါတယ်။ ဆန္ဒမဲပေးသူဦးရေရဲ့ (၉၂ ဒသမ ၄၈)ရာခိုင်နှုန်းတို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြတာဖြစ်တယ်။

အောင်ဇေမင်း

တိုင်းရင်းသားပြည်သူတွေအတွက် နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်တွေကို အခုအခြေခံဥပဒေမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းပေးထားတာ တွေ့ရှိနိုင်ပါတယ်။ ၁၉၄၇ အခြေခံဥပဒေတုန်းက နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များအခန်းမှာ ပုဒ်မ (၂၃)ခုပဲ ပြဋ္ဌာန်းထားခဲ့တယ်။ ၁၉၇၄ အခြေခံဥပဒေမှာလည်း ပုဒ်မ (၂၆)ခုပဲ ပြဋ္ဌာန်းပေးခဲ့တယ်။ အခုအခြေခံဥပဒေမှာ ပုဒ်မ (၄၆)ခုထိ တိုးမြှင့်ပြဋ္ဌာန်းပေးထားတာကိုကြည့်ရင် နိုင်ငံသားတစ်ဦးချင်းရဲ့ အကျိုးခံစားခွင့်အတွက် ဘယ်လောက်အလေးအနက် ဖော်ဆောင်ပေးထားသလဲဆိုတာ ပေါ်လွင်နေပါတယ်။

ဒါ့အပြင် တောင်သူလယ်သမားတွေအတွက် လယ်လုပ်ပိုင်ခွင့် အာမခံချက်တွေ၊ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံတွေအတွက် လျော်ကန်သင့်မြတ်သော ဈေးနှုန်းရရှိအောင် နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးမယ်ဆိုတဲ့ အာမခံချက်တွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုမယ့် ဆည်မြောင်းတာတမံ၊ မြစ်ရေတင်နှင့် မြေအောက်ရေရရှိရေး စီမံကိန်းတွေ၊ စိုက်နည်းစနစ်တွေ၊ အထွက်တိုးသီးနှံ မျိုးကောင်းမျိုးသန့်တွေကို ပံ့ပိုးဖြည့်ဆည်းပေးမယ့် အာမခံချက်တွေကို အခုအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားပါတယ်။

လယ်သမားတွေအတွက် အဲဒီလို ရပိုင်ခွင့်တွေ ဆောင်ကြဉ်းပေးထားသလို အလုပ်သမားတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမယ်။ ပြည်သူများအလုပ်လက်မဲ့နည်းပါးအောင် တတ်နိုင်သမျှကူညီဆောင် ရွက်ပေးသွားမယ်၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှု ဖူလုံရေးတို့အတွက် လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမယ်လို့လဲ အာမခံချက်ပေးထားပါတယ်။ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို နိုင်ငံပိုင်မသိမ်းဘူး၊ နိုင်ငံတော်က တရားဝင်ထုတ်ပေးတဲ့ ငွေကြေးကို တရားမဝင်ကြေညာခြင်းမပြုဘူးလို့လဲ အတိအလင်း ပြဋ္ဌာန်းပေးထားတယ်။

ဒါ့အပြင် စီးပွားရေးအရ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးထားတဲ့အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူပြောင်းရေး၊ အမျိုးသားစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးတွေကိုလည်း လိုလေသေးမရှိ ပြဋ္ဌာန်းပေးထားတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

အလားတူပဲ ဒီမိုကရေစီအခွင့်အရေးတွေကိုလည်း ဟိုအရင်ခေတ် တွေထက်ပိုပြီး တန်းတူညီမျှအောင် အခွင့်အလမ်းတူ၊ အဆင့်အတန်းတူအောင် ပြဋ္ဌာန်းပေးထားပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခု တိုးမြှင့်ပေးထားတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသမရရှိကြတဲ့ လူနည်းစုတိုင်းရင်းသားတွေ မျက်နှာမငယ်ရအောင် တစ်နိုင်ငံလုံးလူဦးရေရဲ့ ဝ ဒသမ ၁ရာခိုင်နှုန်းကျော်တဲ့ တိုင်းရင်းသားတိုင်းဟာ သက်ဆိုင်ရာတိုင်း ဒေသကြီး/ပြည်နယ် လွှတ်တော်မှာ ကိုယ်စားလှယ်တစ်ဦး ပါဝင်ခွင့်ရပြီး ဥပဒေပြုခွင့်အာဏာကို ပါဝင်ကျင့်သုံးနိုင်တယ်။ အဲဒီကိုယ်စားလှယ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှာလည်း တိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိဦးမှာဖြစ်တယ်။ ဒါဟာအကျဉ်းမျှ တင်ပြခြင်းသာ ဖြစ်ပါတယ်။

နိုင်ငံသားများရဲ့ ရပိုင်ခွင့်နဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ဘယ်လောက်အထိ ပြဋ္ဌာန်းပေးထားသလဲဆိုတာနဲ့ ပတ်သက်ပြီး ဆောင်းပါးရှင် စိုးမြကျော်က သတင်းစာမှာ 'အကောင်းဆုံး'ခေါင်းစဉ်နဲ့ ဆောင်းပါးသုံးပုဒ် ရေးသားတင်ပြထားတာမို့ အသေးစိတ်လေ့လာသိရှိနိုင်ပါတယ်။

အဲဒီလို ကောင်းသထက်ကောင်းတဲ့ အကောင်းဆုံးတွေကို လေ့လာသိရှိလာတာမို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးမှာ ပြည်သူလူထုကြီးဟာ ဖြတ်သန်းခဲ့ရသော ခေတ်အဖုံဖုံမှ ဘဝအတွေ့အကြုံနဲ့ အခြေခံဥပဒေသုံးရပ်ကို နှိုင်းယှဉ်သုံးသပ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေရဲ့ (၉၈ ဒသမ ၁၂)ရာခိုင်နှုန်းတို့က ဆန္ဒမဲပေးခဲ့ကြတာဖြစ်ပါတယ်။ ဆန္ဒမဲပေးသူဦးရေရဲ့ (၉၂ ဒသမ ၄၈)ရာခိုင်နှုန်းတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြတာ ဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီတွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်း အလုံမြို့နယ် ကမ်းနားလမ်းရှိ ၃၃/၆.၆ ကေဗွီ 3MVA ဟုန်းဝိုင်းခွဲရုံမှ ပြည်သူ့ဆေးရုံကြီးသို့ သွယ်တန်းသည့် ၆.၆ ကေဗွီ မြေအောက်ဓာတ်အားလိုင်း (မြန်မာ့စက်မှုဆိပ်ကမ်းရှေ့တွင်) ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာပင်မ ဓာတ်အားခွဲရုံသို့ သွားရောက်၍ ပင်မခွဲရုံမှ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ် ၃၃ ကေဗွီ အထွက် ဓာတ်အားလိုင်းများ ပြုပြင်တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းချိတ်ဆက်ခြင်း လုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ရန်ကုန်တောင်ပိုင်းခရိုင်သို့ သွယ်တန်းသည့် ၃၃ ကေဗွီ ဓာတ်အား လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် အပြင်ပဒန် ကျေးရွာအနီးရှိ ဆိပ်ကြီးခနောင်တိုနှင့် ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ် ဓာတ်အားလိုင်းတိုင်များနှင့် ပန်းလှိုင်ဂေါက်ကွင်း ၃၃ ကေဗွီ ဓာတ်အား လိုင်းတိုင်များ ကျိုးကျပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန် ကွန်ကရစ် ကျောက်တိုင်ထုတ်လုပ်မှု လုပ်ငန်းသို့သွားရောက်၍ အရည်အသွေးမြင့် ကွန်ကရစ် ကျောက်တိုင်များ စွမ်းအားပြည့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် (6mm) သံနန်းကြိုးခွေများ ရောက်ရှိမှု ထုတ်လုပ်ပြီးကွန်ကရစ်ကျောက်တိုင်များ လုပ်ငန်းခွင်သို့ ပို့ဆောင်ရန် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်ဝသော ကွန်ကရစ်ဓာတ်အားလိုင်းတိုင်များ အရှိန်အဟုန်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးရေးမှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာပင်မ ဓာတ်အားခွဲရုံမှ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်သို့ ၃၃ ကေဗွီအထွက် ဓာတ်အားလိုင်းချိတ်ဆက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမိုးဇော် ဦးဆောင်သော အဖွဲ့ဝင်၁၅ ဦးပါပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းအဖွဲ့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါတိုက်ဖျက်ရေးတာဝန်ခံ Dr. Hans Kluge လိုက်ပါလျက် သဘာဝလေဘေးကျရောက်ခဲ့သော လပွတ္တာမြို့နယ်သို့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ဇွန် ၁၁ ရက်တွင်လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

ဒေါက်တာမိုးဇော် ဦးဆောင်သော အဖွဲ့သည်ဘီတွတ်ကျေးလက်ကျန်းမာရေးဌာန ကျေးရွာများသို့ လည်းကောင်း၊ဒေါက်တာဌေးလွင် ဦးဆောင်သော ကျန်းမာရေးအဖွဲ့သည် ဂန့်အိတ် ကျေးလက် ကျန်းမာရေးဌာန ကျေးရွာများသို့ လည်းကောင်း ကွင်းဆင်း၍ ဆေးကုသမှုခံယူဆဲ လူနာများ၊ ဆေးသောက်ရက် ပျက်ကွက်နေသော တီဘီရောဂါလူနာများနှင့် အနာကြီးရောဂါ လူနာများအား လိုက်လံရှာဖွေ၍ ဆေးဆက်လက်ကုသမှုပေးခြင်း၊ ဆေးဆက်လက်ကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များအား ကုသမှုပေးခြင်းနှင့် တီဘီ၊ ငှက်ဖျား၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ အနာကြီးရောဂါ၊ ကူးစက်တတ်သော ရောဂါ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်းများကို ကျန်းမာရေး ပညာပေးခြင်း၊ လက်ကမ်းစာစောင်များနှင့် ပညာပေး ပိုစတာများ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဒေါက်တာမိုးဇော် ဦးဆောင်သော အဖွဲ့သည် ဇွန် ၁၃ ရက်တွင် ပြင်စလူတိုက်နယ် ကျန်းမာရေးဌာန တယ်ပင်ကိုင်းကျေးရွာနှင့် လွှစာ ကျေးရွာများသို့ လည်းကောင်း၊ ဒေါက်တာ ဌေးလွင် ဦးဆောင်သော အဖွဲ့သည် သဃ်န်းကြီးကျေးလက် ကျန်းမာရေးဌာန ဇင်ရွဲကြီးကျေးရွာ၊ ဇင်ရွဲလေးကျေးရွာ၊ ရေဝေကျေးရွာများသို့လည်းကောင်း ကွင်းဆင်းသွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်း အဖွဲ့သည် လပွတ္တာမြို့နယ်တွင်းရှိ ကျန်ရှိသော ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းကာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းအဖွဲ့ဝင်များ လပွတ္တာမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

ကျောက်တန်းမြို့နယ်၌ ဘာသာပေါင်းစုံသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို ထောက်ပံ့လှူဒါန်း

ရန်ကုန် ဇွန် ၁၆

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် ဇွန် ၁၄ ရက်တွင် အကြံပေး ပုဂ္ဂိုလ် ဦးအုံ့မောင်၊ **MK** ဦးလှဝင်း၊ ရန်ကင်းစင်တာမှ အလှူရှင်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်း ကျောက်တန်းမြို့ စိန့်မေရီ မိဘမဲ့သီလရှင် ခရစ်ယာန်ကျောင်းသို့ရောက်ရှိပြီး လေဘေးသင့် ခရစ်ယာန်ဘာသာဝင် အိမ်ထောင်စုများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံ၊ သီလရှင်ကျောင်းနှင့် ရွှေနှလုံးတော်ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအတွက် အမိုးသွပ်ပြားများ၊ သွပ်ရိုက်သံများကို အလှူရှင်နှင့်အတူ ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အသောကာရာမ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ အဝတ်အထည် စားသောက်ဖွယ်ပစ္စည်းစုံနှင့် လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်ပြားများ၊ သွပ်ရိုက်သံများကို ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် စွန်နီဂျာမေဗလီသို့ ရောက်ရှိပြီး လေဘေးသင့် အစ္စလာမ်ဘာသာဝင် အိမ်ထောင်စုများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံနှင့် ဗလီကျောင်းအတွက် အမိုးသွပ်ပြားများ၊ သွပ်ရိုက်သံများကို ထောက်ပံ့လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စူဠာမဏိ ဟိန္ဒူဘုရားကျောင်းသို့ ရောက်ရှိပြီး လေဘေးသင့် ဟိန္ဒူဘာသာဝင် အိမ်ထောင်စုများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံနှင့် ဘုရားကျောင်းအတွက် အမိုးသွပ်ပြားများ၊ သွပ်ရိုက်သံများနှင့် အလှူငွေ သုံးသိန်း တို့ကို ထောက်ပံ့လှူဒါန်းသည်။ ဇွန် ၁၄ ရက် လှူဒါန်းမှုစုစုပေါင်းမှာ ကျောက်တန်းမြို့ပေါ်ရှိဗုဒ္ဓဘာသာနှင့်အခြားဘာသာများ၏ သာသနိက အဆောက်အအုံများအတွက် အမိုးသွပ်ပြား အချပ် ၁၀၀၀၊ သွပ်ရိုက်သံ ပိဿာ ၂၀၊ အလှူငွေ သုံးသိန်းနှင့် လေဘေးသင့် အခြား ဘာသာဝင် မိသားစုများအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံ၊ တန်ဖိုးငွေကျပ် သိန်း ၅၀ ကျော် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ရွှေထူးကျေးရွာတွင် တပ်မတော်ဆေးအကာအကွယ်ပေးရေးအဖွဲ့က ကျေးရွာပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးစဉ်။ (သတင်းစဉ်)

လေဘေးသင့် စာသင်ကျောင်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၆

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျောင်းဖွင့်လှစ်ရေးလုပ်ငန်းကော်မတီက ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ မူလတန်းနှင့် မူလတန်းလွန်ကျောင်းများအား ပညာရေးကွင်းဆင်း စစ်ဆေးရေးအဖွဲ့ နှစ်ဖွဲ့ကို စစ်ဆေးမှုများပြုလုပ်ရန် စေလွှတ်ခဲ့သည်။ အဆိုပါ ပညာရေးကွင်းဆင်းစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့သည် မြင်းကကုန်း၊ ဒေါင်းရေကျော်၊ ကျွဲခြံ၊ သစ်ပုတ်၊ ထီယာလီလျှော်ချောင်း၊ ဘိုးသအေး၊ မဲဇလီကဇန်းချောင်း စသည့်ကျေးရွာမူလတန်းကျောင်းများနှင့် မရမ်းကျေးရွာအုပ်စု မူလတန်းကျောင်းများကိုလည်း စစ်ဆေးသွားမည်ဖြစ်ပြီး ကျန်တစ်ဖွဲ့မှ မမွေးကျွန်း၊ ဝဲဒေါင့်၊ ဝက်ကွင်း၊ မြန်ကျီးမြစ်ကျိုးနှင့် သစ်တိုဆိပ်ကျေးရွာအုပ်စုများမှ မူလတန်းကျောင်းများကို စစ်ဆေးသွားမည်ဖြစ်သည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့များသည် ယာယီကျောင်းဆောင်များအဖြစ် မိုးရေကာဖျင်တဲများနှင့် စာသင်ကြားနေမှု၊ လက်ရှိကျောင်းတက်နေသည့် ကျောင်းသား၊ကျောင်းသူစာရင်း၊မျှော်မှန်းကျောင်းသား ဦးရေစာရင်း၊ပရိဘောဂပြည့်စုံမှုအခြေအနေ၊ ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ ပြည့်စုံမှုအခြေအနေ၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ ပြည့်စုံမှုအခြေအနေနှင့် စာသင်ကြားနေမှု အခြေအနေတို့ကို စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဓာနနာယက ဘဒ္ဒန္တဇောတိပါလအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းဒွိစုံ ၅၀၊ ထီးအလက် ၅၀၊ ဖျာ ငါးချပ်၊ ကော်ဇောတစ်ချပ်၊ ဓာတ်ဘူး သုံးဘူး၊ ငါးသေတ္တာဘူး ၁၀၀၊ စောင် တစ်ထည်၊ လှူဖွယ်ခြင်း တစ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေအတွင်းရှိ ကျောင်းဆောင်ကြီးများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ကမ္ဘာအေးကုန်းမြေ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရာသီအလိုက် ပျိုးပင်များ စိုက်ပျိုးထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dao Viet Trung အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး)
(သတင်းစဉ်)

လှူဒါန်း

ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်က ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် တိလောကာရာမကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကလေးသူငယ်များအတွက် စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန် ငွေကျပ် သိန်း ၂၀ လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့၌ လေဘေးကြောင့် နစ်မြုပ်ခဲ့သော ဆိပ်ခံတွဲကို ပြန်လည်ဆယ်ယူပြီးစီး

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်း၌ ရေဘေးဒဏ်ကြောင့် နစ်မြုပ်ခဲ့ရသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းလုပ်ငန်းပိုင် ကသ-၀၀၈ ဆိပ်ခံတွဲကို ဇွန် ၁၅ ရက် ညနေ ၆နာရီတွင် ပြန်လည် ဆယ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ ဆိပ်ခံတွဲ ပြန်လည်ဆယ်ယူနေမှုကို မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆိပ်ခံတွဲကို ဆိပ်ခံတွဲ ဆယ်ယူရေး အဖွဲ့ခေါင်းဆောင် လက်ထောက် ရေကြောင်းဌာနမှူးချုပ် (ဆယ်ယူရေး) ဦးဇော်လင်းထွေးနှင့် အဖွဲ့ဝင် ၅၀ တို့က ဇွန် ၁၃ ရက် နံနက် ၇ နာရီမှစတင်၍ ဆယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၅ရက် ညနေ ၆နာရီတွင် အောင်မြင်စွာ ဆယ်ယူနိုင်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ဖျာပုံမြို့နယ်အတွင်း ရေလုပ်ငန်းများ ပြန်လည် လည်ပတ်လျက်ရှိ

ရန်ကုန် ဇွန် ၁၆

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်အတွင်း ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဖွံ့ဖြိုးရေးအတွက် ကမ်းဝေး ငါးဖမ်းလှေ ၃၁ စင်းကို ဒီဇယ်ဆီအကြွေးစနစ်ဖြင့် ပံ့ပိုးကူညီပေးနိုင်ခဲ့၍ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခွာနိုင်ပြီဖြစ်ကြောင်း၊ ပင်လယ်ကမ်းခြေရွာများဖြစ်သော ဒေးဒလူ ကျေးရွာအုပ်စုနှင့် ဒေါငြိမ်းကျေးရွာ အုပ်စုရှိ ကမ်းနီးငါးဖမ်းလှေများမှာလည်း ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့၍ ယခုအခါ ပြန်လည်ပြင်ဆင်ပြီး ဖြစ်ကြောင်း။

အင်းချောင်း၊ မြစ်ချောင်းများရှိ ငါးဖမ်းလုပ်ငန်းများမှာလည်း လုပ်ငန်းများ ပြန်လည် လည်ပတ်ကာ ငါး၊ ပုစွန် ဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများ နေရပ်ကျေးရွာများသို့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

မြောင်းမြမြို့ လေဘေးကယ်ဆယ်ရေးစခန်းမှ လေဘေးသင့်ပြည်သူ ၅၅၀ နှင့် ရတနာဒီပ၊ သုံးမိုင်နှင့် ငါးမိုင် လေဘေးကယ်ဆယ်ရေးစခန်းတို့မှ လေဘေးသင့်ပြည်သူ ၇၈၇ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် မိမိတို့ မူလနေထိုင်ရာ ကျေးရွာ ၂၅ ရွာသို့ လပွတ္တာဆိပ်ကမ်းမှ ရေယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သိရှိရသည်။

လေဘေးသင့် ပြည်သူများနှင့်အတူ တပ်မတော်သားအင်အား ၃၀၀ တို့သည် ဆောက်လုပ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများဖြင့် တစ်ပါတည်း လိုက်ပါသွားကြပြီး ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT) တွင် Mobile Harbour Crane (MHC) နှစ်စင်း တပ်ဆင်ထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ၌ ဝန်ချီစက်သစ်နှစ်စင်း တပ်ဆင်ပြီးစီး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ (MITT) သို့ Mobile Harbour Crane (MHC) နှစ်စင်းကို တင်ဆောင်လာသော MV Mercury အထူးသင်္ဘောသည် ဇွန် ၁၃ ရက်တွင် ဆိုက်ကပ်ခဲ့ပြီး Crane နှစ်စင်းကို ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အောင်မြင်စွာ နေရာချထားခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် ပဋိပစ္စသမုပ္ပာဒ်"တရားတော် "မယ်ပဋ္ဌာအကြောင်း ဥပမာပြ" (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၅၅ - ၁:၅၅	ကလောမှာထင်ရှား 'ရွှေဥမင်' ဘုရား
၈:၀၅ - ၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀ - ၂:၁၀	Sunday Talk
၈:၅၅ - ၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀ - ၃:၀၀	စိုက်ပျိုးဝေဆာတို့မြေမှာ (ဒေါနရွှေဝါစိုက်ပျိုးနည်း)
၉:၁၀- ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ (၃) (ဟဲယာရွာမ၊ အင်းလေး)
၉:၄၅ - ၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀ - ၃:၅၀	စွဲမက်ဖွယ်ရာရတနာ (ပုလဲကျက်သရေအလှဝေ) (အပိုင်း-၁)
၁၀:၁၅- ၄:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀ - ၄:၂၀	ကျေးပင်အက်ရေလှောင်တမံ
၁၀:၃၀ - ၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅ - ၄:၃၅	Fashion Guide (လွယ်ကူပြင်ဆင်ကျစ်ဆံမြီးဖက်ရှင်)
၁၀:၅၀ - ၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅ - ၄:၅၅	ကုသစောင့်ရှောက်မနေး ပြည်သူအများကျန်းမာရေး (ရန်ကုန်တိုင်းရင်းဆေးရုံကြီး)
၁၁:၂၀ - ၅:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀ - ၅:၃၀	ဆန်းသစ်လှပမြန်မာ့ကြေးဒေါင်းရွှေအလှ
၁၁:၄၀ - ၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀ - ၅:၅၀	Biz Net
၁၂:၀၀ - ၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅ - ၆:၀၅	သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၁၂:၄၀ - ၆:၄၀	Music Gallery (လုလု 'နှောင်ကြိုးနဲ့ ကမ္ဘာ')
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Dao Viet Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dao Viet Trung လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရွှေမင်းကံ မိုးကုတ်ဓမ္မရိပ်သာ တရားစခန်း

ရန်ကုန် ဇွန် ၁၆

ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးကေသရ(ရွှေမင်းကံ)သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက် ဩဇာလမ်း မိုးကုတ်ဓမ္မရိပ်သာ ရွှေမင်းကံကျောင်း၌ နေ့ခင်းပိုင်း ခုနစ်ရက် တရားစခန်းပွဲကို ဇွန် ၂၁ရက်မှ ၂၇ရက်အထိ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ရွှေမင်းကံဆရာတော်၏ (၅၂)နှစ်မြောက် မွေးနေ့ဖြစ်သည့် ဇွန် ၂၇ ရက်တွင် ဆရာတော်ကြီး ဦးဇနိတာလင်္ကာရက ရေစက်ချတရားများ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မုန်တိုင်းဒဏ်သင့် ဖျာပုံမြို့နယ်နှင့် အမာမြို့ရှိ မြို့ပေါ်နှင့် ကျေးရွာ အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်နိုင်

ရန်ကုန် ဇွန် ၁၆

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်နှင့်အမာမြို့၏ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြရာ ပညာရေးကဏ္ဍတွင် ဖျာပုံမြို့နယ်နှင့် အမာမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများ အပါအဝင် စုစုပေါင်း ကျောင်းပေါင်း ၄၀ ကို ပြုပြင်မွမ်းမံနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြသည်။

ဆက်လက်၍ ပြုပြင်ရန်ကျန်ရှိသေးသော ကျောင်းများကိုလည်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်အတွင်း ရေလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ပံ့ပိုးလျက်ရှိပြီး သုံးလအတွင်း အခမဲ့ သားငါးရှာဖွေခွင့်ပြု

ရန်ကုန် ဇွန် ၁၆

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်း ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဖွံ့ဖြိုးရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် ဖျာပုံ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့များသို့ ရောက်ရှိပြီး ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများအား တွေ့ဆုံ၍ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော အအေးခန်းစက်ရုံများ၊ ကမ်းနီးကမ်းဝေး စက်လှေများ၊ ငါးပုစွန်မွေးကန်များ ပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ အတိုးအတာ သတ်မှတ်ကာ ငွေထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ တင်ဒါပိုက်ချက်နှင့် ဘုံငါးဖမ်းကွက်များတွင် အောက်ခြေရေလုပ်သားများ အဆင်ပြေစေရေးအတွက် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လ သုံးလအတွင်း အခမဲ့ သားငါးရှာဖွေခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့အပြင် တင်ဒါပိုက်ချက် လုပ်ကိုင်သူများကိုလည်း နစ်နာမှုမရှိစေရေးအတွက် (၅၀)ရာခိုင်နှုန်း အခွန်ကင်းလွတ်ခွင့်ပြုခဲ့ကာ အင်းလုပ်ငန်းရှင်များအတွက် ၎င်းတို့၏ အင်းခွန်ကို ယခင်က အကြေပေးသွင်းပြီး လုပ်ကိုင်ခွင့်ပြုခဲ့ရာမှ ယခုအခါတွင် အင်းခွန်ကို ဇူလိုင်လတွင် ပထမအရစ်၊ အောက်တိုဘာလတွင် ဒုတိယအရစ်နှင့် ဒီဇင်ဘာလတွင် တတိယအရစ်သတ်မှတ်၍ပေးသွင်းခွင့်ပြုခဲ့သည်။

အလားတူ အောက်ခြေအဆင့် ရေလုပ်သားများကိုလည်း လိုအပ်သော ပိုက်နှင့် (၂၁)ပေအလျားရှိ လှေများလည်း ထုတ်ပေးသွားမည်ကြောင်းနှင့် စက်များတပ်ဆင်ပေးသည်အထိဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပံ့ပိုးကူညီမှုများကိုလည်း စာရင်းမှတ်စနစ်ဖြင့် ရေလုပ်သားများ လုပ်ငန်းအဆင်ပြေချောမွေ့စေမည့် ကာလတစ်ခု သတ်မှတ်၍ ပြန်လည်ပေးဆပ်သွားရမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ငါးတန်တစ်ရာကျေးရွာ မူလတန်းကျောင်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်ကျွန်းမြို့နယ် ငါးတန်တစ်ရာကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ဇွန်၉ရက်မှစတင်ဖွင့်လှစ် သင်ကြားနေပြီဖြစ်ကြောင်း အဆိုပါ မူလတန်းကျောင်းအုပ် ဦးအောင်ကိုကိုက ဇွန် ၁၆ရက်တွင် ပြောကြားသည်။

ယင်း ငါးတန်တစ်ရာကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် လေဘေးဒဏ်ကြောင့် အမိုးများပျက်စီးသွားရာ နိုင်ငံတော်က သွပ်အချပ်၁၃၀ကို ဖြည့်ဆည်းပေးခဲ့သည်။

ငါးတန်တစ်ရာအခြေခံပညာမူလတန်းကျောင်း၌ ယခုပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၂၇ဦး တက်ရောက် ပညာသင်ယူလျက်ရှိပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူ ကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၅ ၄။ အကပြိုင်ပွဲ
- ၇:၅၅ ၅။ ရွှေလင်ပန်းတံတား
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၇။ International News.
- ၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၅။ **“ပေါင်ပေါ်ကျတဲ့မီး” (ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)**
- ၅:၁၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၅၅ ၁၀။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၂၀ ၁၁။ **နိုင်ငံခြား ဇာတ်လမ်းတွဲ “မာယာများနှင့် လှည့်ကွက်” (အပိုင်း-၄)**
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့” (အပိုင်း-၄)**
- ၁၆။ အစီအစဉ်ပြီး၏။

ထူးထရေးဒင်းနှင့် အဲပုဂံကုမ္ပဏီတို့မှ ဝန်ထမ်းများ ကြိမ်ချောင်းကြီးကျေးရွာ၌ လက်တွန်းထွန်စက်များဖြင့် ထွန်ယက်ပေးနေ

ရန်ကုန် ဇွန် ၁၆

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်းကြီးကျေးရွာမှ လယ်ယာမြေများကို HTOO Trading Co., Ltd နှင့် Air Bagan Co., Ltd တို့မှဝန်ထမ်းများကဇွန်၁၀ရက်မှစတင်၍လက်တွန်းထွန်စက်များဖြင့် ထွန်ယက်ပေးကြသည်။(အောက်ပုံ)

HTOO Trading Co., Ltd နှင့် Air Bagan Co., Ltd တို့မှ မုန်တိုင်းဒဏ်သင့်ဘိုကလေးမြို့နယ်မှကျေးရွာများ အခြေတကျ ပြန်လည်ဖွံ့ဖြိုးရန်အတွက် မျိုးစပါးများ၊ ထွန်စက်များ ပံ့ပိုးလှူဒါန်းလျက်ရှိပြီး မိုးစပါးများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် လယ်ယာမြေများကိုလည်း စေတနာ့ဝန်ထမ်းများဖြင့် ကိုယ်တိုင်ကိုယ်ကျ ထွန်ယက်စိုက်ပျိုးပေးလျက်ရှိရာ ရိတ်သိမ်းပြီးစီးသည်အထိ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အခြားအလှူရှင်များမှလှူဒါန်းသည့် ပစ္စည်းများကိုလည်း ကူညီပို့ဆောင်ပေးလျက်ရှိရာ ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် စင်ကာပူနိုင်ငံရှိ Institute of Management တွင် ပညာသင်ကြားနေသော မြန်မာကျောင်းသား၊ ကျောင်းသူများက လှူဒါန်းသော ဆန်အိတ် ၄၄၀ကို ကျေးရွာ၁၀ရွာသို့ ကူညီပို့ဆောင်ပေးခဲ့သည်။

ဘိုကလေးမြို့ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (T.T.C)(၁၉၇၄မှ၁၉၈၁ခုနှစ်)ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူဟောင်းများက ဇွန် ၁၅ ရက်တွင် ဘိုကလေးမြို့ ကြိမ်ချောင်းကြီးကျေးရွာသို့သွားရောက်၍ ဆန်အိတ် ၉၀၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းကြသည်။ ထို့ပြင် စင်ကာပူနိုင်ငံရှိ Institute of Management ကျောင်းတွင် ပညာသင်ကြားနေကြသော မြန်မာကျောင်းသား၊ ကျောင်းသူများက ငွေကျပ် ၅၄သိန်းနှင့် သူငယ်ချင်းမိတ်ဆွေအလှူရှင်များက ကျပ်သိန်း ၄၀ တန်ဖိုးရှိ ဆန်အိတ်၊ အဝတ်အထည်၊ စောင်၊ ခေါင်းအုံးနှင့် ပစ္စည်းများ၊အလှူငွေများကိုလှူဒါန်းခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထား ကူညီလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၆

ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပြီး မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် စာနာထောက်ထား၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ကူညီလှူဒါန်းလိုသူများအနေဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီ၏ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအသီးသီးရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့လည်းကောင်း ဆက်သွယ် လှူဒါန်းနိုင်ကြသည်။

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၁၆/က)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။

ပစ္စည်းများကို ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီအနီး၊ ရန်ကုန်မြို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E.Mr. Vo Van Kiet ကွယ်လွန်ခြင်းအတွက် ဗဟန်းမြို့နယ်ရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ် စာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၇၀-၇၂)ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၀၈ ခုနှစ် ဇွန် ၁၁ ရက်တွင် ကွယ်လွန်သွားသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E.Mr. Vo Van Kiet အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာ၌ မိုးစပါးဧက ၂၀၀ ကျော် ပျိုးကြဲစိုက်ပျိုး

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း ရေဘေးဒဏ်ခံခဲ့ရသော ငွေဇင်ယော်ကျေးရွာ၌ ဇွန် ၁၆ရက်အထိ မိုးစပါးဧက ၂၀၀ ကျော် ပျိုးကြဲစိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း ငွေဇင်ယော်ကျေးရွာမှ တောင်သူလယ်သမား ဦးထွန်းဝေက ပြောကြားသည်။

လေဘေးဒဏ်ကို ဆိုးရွားစွာခံခဲ့ရသော ငွေဇင်ယော်ကျေးရွာသည် မျိုးစပါးတင်းပေါင်း ၃၅၀ ရရှိခဲ့ပြီး ဇွန် ၁၆ ရက်တွင် နိုင်ငံတော်က မျိုးစပါးတင်းပေါင်း ၂၄၉၆ တင်း ထပ်မံပေးအပ်ခဲ့သဖြင့် ကျေးရွာအတွက်လိုအပ်သော မျိုးစပါးများ အပြည့်အဝရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မျိုးစပါး ၂၈၄၆ တင်း ရရှိခဲ့သည့်အပြင် လက်တွန်း ထွန်စက် ၁၁စီးနှင့် လယ်ယာလုပ်ငန်းသုံး ကိရိယာများကိုပါ ရရှိခဲ့သဖြင့် ရက်ပိုင်းအတွင်း ကျေးရွာရှိ မိုးစပါးစိုက်ဧက အားလုံးပျိုးကြဲစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆားကြမ်းနှင့် အိုင်အိုဒင်းဖြည့်ဆားချော အပြည့်အဝထုတ်လုပ်ရေးနှင့် ဆားဈေးနှုန်းတည်ငြိမ်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၁၆

၂၀၀၈-၂၀၀၉ ခုနှစ်တွင် မွန်ပြည်နယ်မှ ဆားကြမ်းနှင့် အိုင်အိုဒင်းဖြည့်ဆားချော အပြည့်အဝထုတ်လုပ်ရေးနှင့် ဆားဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲတွင် မွန်ပြည်နယ် ဆားထုတ်လုပ်သူများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အမှာစကားပြောကြားပြီး ကော်မတီ အတွင်းရေးမှူး မြန်မာ့ဆားလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းသိန်းက မွန်ပြည်နယ်အတွင်း နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်မှ နိုင်ငံအတွက် ဆားလိုအပ်ချက် အပြည့်အဝထုတ်ပေးရေး စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဆားထုတ်လုပ်မှုလုပ်ငန်းရှင်များက ဆွေးနွေးကြကာ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဇွန် ၁၆

ပဲခူးတိုင်း ထန်းတပင်မြို့နယ် အောင်သုခရပ်ကွက်နေ ဦးသိန်းငွေ (၃၅)နှစ်သည် အဖော်များနှင့်အတူ ကရင်ပြည်နယ် မြစ်ငန်းချောင်း၌ သွားရောက်ရွှေကျင်ပြီး ပြန်လာစဉ် ဇွန် ၁၁ ရက် ညနေ ၃ နာရီတွင် ကရင်ပြည်နယ် မူးချောင်းဝ၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ရရှိသောဒဏ်ရာများကြောင့် ယင်းနေ့ည ၉ နာရီတွင် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရ

နေပြည်တော် ဇွန် ၁၆

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ရက် နံနက် ၉ နာရီခွဲခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် သပြေကုန်းကျေးရွာနေ ဦးဖိုးတော၏သား ဦးကျော်ငွေ အသက်(၃၆)နှစ်သည် ဘင်ပြဲချောင်းသို့ မျှစ်ချိုးရန်သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲပြီး ဦးကျော်ငွေ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်မှ ပြတ်ကာ ခန္ဓာကိုယ်အနှံ့မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

အလားတူ နံနက် ၁၀ နာရီခွဲခန့်တွင် ရွှေကျင်မြို့နယ် ဘောဂထကျေးရွာနေ ဦးချစ်ဖီး၏သား ဦးဂျိုးကြာ အသက်(၄၅)နှစ်သည် ဇနီးဖြစ်သူ ဒေါ်ကြွယ်နှင့်အတူ ကျွဲပျောက်ရှာရန်အတွက် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဦးဂျိုးကြာ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြသည့် ဦးကျော်ငွေအား ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဦးဂျိုးကြာအား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုများနှင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁၆

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၂၄ လက်မ၊ မောင်တောမြို့တွင် ၆ ဒသမ ၇၃ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၃၈ လက်မ၊ ကျိုက္ခမီမြို့နှင့် စစ်တွေမြို့တို့တွင် ၃ ဒသမ ၂၇ လက်မစီ၊ ဘားအံမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၅၂ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၁၇ ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင် ၅၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်		
၂၆ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၇၉ ဒီဂရီဖာရင်ဟိုက်)		၁၅-၆-၂၀၀၈
အနိမ့်ဆုံးအပူချိန်		
၂၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်)		၁၆-၆-၂၀၀၈
၀၉း၃၀နာရီအချိန်စိုထိုင်းဆ	၇၈ ရာခိုင်နှုန်း	၁၆-၆-၂၀၀၈
နေပူသည့် နာရီပေါင်း	မရှိပါ	၁၅-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၆-၆-၂၀၀၈	၁၁မမ(၀. ၄၄လက်မ)	၁၄မမ(၀. ၅၅လက်မ)	၁၂မမ(၀. ၄၈လက်မ)
၁-၁-၂၀၀၈မှ ယနေ့ထိ	၉၁၀ မမ (၃၅ဒသမ၈၃လက်မ)	၁၀၇၇မမ (၄၂ဒသမ၈၃လက်မ)	၁၄၀၁ မမ(၅၅ဒသမ၁၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၆-၂၀၀၈ ရက် ၉း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

အင်္ဂလန်မှ စားသောက်ဆိုင်အချို့ ကျန်းမာရေးအခြေခံအဆင့် စံနှုန်းကို မမီ

လန်ဒန် ဇွန် ၁၅

ဗြိတိန်နိုင်ငံတွင် စားသောက်ဖွယ်ရာရောင်းချသောအကြီးမားဆုံးလုပ်ငန်းရှင်ကြီးအချို့၏ စားသောက်ဆိုင်များသည် ကျန်းမာရေးနှင့် ညီညွတ်မှု အခြေခံအဆင့် စံနှုန်းကို မမီကြကြောင်း အင်ဒီပင်းဒင့်စ်က စစ်ဆေးလေ့လာ၍စနေနေ့ကထုတ်ပြန်ကြေညာသည်။

ဖော်ပြထား

ဒေသဆိုင်ရာကောင်စီများပေးသော စားဖွယ်ရာ အန္တရာယ် ကင်းရေးအဆင့်အတန်းအရ ဆူရှီစားသောက်ဆိုင်များသည် ၎င်းတို့ လိုက်နာရန်လိုအပ်သော စံနှုန်းကို မလိုက်နာကြောင်း ပစ်ဇာဟတ်ကုန်အမှတ်တံဆိပ်ဖြင့်ရောင်းသောဆိုင်များ၏ ၂၀ရာခိုင်နှုန်းသည်လည်း အလားတူပြဿနာရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ဥပဒေအရစားသောက်ဆိုင်အားလုံးကို နှစ်နှစ်ပြည့်တိုင်း ပတ်ဝန်းကျင်ကျန်းမာရေးအရာရှိများက စစ်ဆေးရသည်။ဆိုင်အများစု၏ စတားအဆင့်မှာ သုညမှ ငါးအတွင်းသာရှိသည်။

စတားအဆင့် တစ်ခုမှ မရရှိသော စားသောက်ဆိုင်သည်ဥပဒေအရလိုအပ်ချက်များကို အထွေထွေ မလိုက်နာကြောင်းပြသည်။ စတားတစ်ခုရသောဆိုင်သည် စည်းမျဉ်းများကို လေးစားလိုက်နာမှု လွန်စွာနည်းပါးကြောင်းပြသည်။ စတားနှစ်ဆင့် ရသောဆိုင်သည် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်စေသည့် ဘက်တီးရီးယားများ မပါရန် တရားဝင်လိုအပ်ချက်အားလုံးကို ပြည့်မီရေးအတွက် ပိုကြိုးစားရန် လိုအပ်သေးကြောင်းပြသည်။

အဆိုးရွားဆုံး

အင်ဒီပင်းဒင့်စ်သည် ဗြိတိန်နိုင်ငံရှိ စားသောက်ဆိုင်လုပ်ငန်းပေါင်း၁၂၇၀ ကို လေ့လာခဲ့သည်။ ထိုလေ့လာမှုတွင် နာမည်ကြီး စားသောက်ဆိုင်လုပ်ငန်းများဖြစ်သော မက်ဒေါ်နယ်လ်၊ ဘာဂါကင်း၊ ကေအက်ဖ်စီ၊ ပစ်ဇာအိတ်စပရက်၊ဂွါမက်၊ ဘာဂါကစ်ချင်းနှင့် ဝါဂါမာမာ စသည့်ဆိုင်ကြီးများလည်း ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ မြောက်ပိုင်းတွင် ငလျင်ပြင်းထန်စွာလှုပ်ပြီးနောက် ကျိုးကျသွားသော တံတားတစ်စင်းကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒစ္စကာဗာရီလွန်းပြန်ယာဉ် အောင်မြင်စွာဆင်းသက်

ဝါရှင်တန် ဇွန် ၁၅

အမေရိကန် အာကာသ လွန်းပြန်ယာဉ် ဒစ္စကာဗာရီသည် နိုင်ငံတကာ အာကာသစခန်းမှ ၁၄ ရက်ကြာ တည်ဆောက်ရေး လုပ်ငန်းများကို အဆုံးသတ်၍ ဖလော်ရီဒါရှိ ကနေဒီ အာကာသစခန်းသို့ စနေနေ့က ပြန်ရောက်ခဲ့သည်။

အာကာသယာဉ်မှူး ခုနစ်ဦးလိုက်ပါလာသော ဒစ္စကာဗာရီမှာ ကနေဒီသို့ ဒေသစံတော်ချိန် ၁၁နာရီ၁၅မိနစ် (ဂရင်းနစ်စံတော်ချိန်၁၅၁၅)တွင်ဆင်းသက်ခြင်းကို နာဆာရုပ်သံမှ ပြသသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်ငလျင်ကြောင့် သေဆုံးသူဦးရေ ကိုးဦးအထိတိုးလာ၊ ၁၁ဦး ပျောက်ဆုံးနေ

တိုကျို ဇွန် ၁၅

ဇွန် ၁၄ ရက်က ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် လှုပ်သွားသော အင်အား ၇ ဒသမ၂ အဆင့်ရှိ မြေငလျင်ကြောင့် အသက် ဆုံးရှုံးရသူဦးရေသည် ကိုးဦးအထိ ရှိသွားပြီဖြစ်ကြောင်း တရားဝင် စာရင်းအင်းများအရ သိရသည်။

ဒဏ်ရာရ

အင်အားပြင်းသော အဆိုပါငလျင်မှာ တောင်ပိုင်း အာဝါတီဒေသတွင် အခြေပြု၍ လှုပ်သွားခြင်းဖြစ်ပြီး ငလျင်၏ဗဟိုချက် မြေပြင်အောက် ရှစ်ကီလိုမီတာမှဖြစ်ကြောင်းသိရသည်။ နံနက် ၈နာရီ၄၃မိနစ်တွင် လှုပ်သွားသည့် ငလျင်ကြောင့် အနည်းဆုံး ၁၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး ၂၀၀ နီးပါးခန့် ဒဏ်ရာရရှိသွားသည်။

ခံစားရ

ထိုငလျင်ကြောင့် ဆူနာမီရေလှိုင်းများတက်လာခြင်း မရှိသော်လည်း ယင်းငလျင်၏ တုန်ခါမှု အားကို တိုကျိုအပါအဝင်ဟွန်ရှူးကျွန်းတစ်ခုလုံး သာမကဟိုကိုင်းဒိုးဒေသအထိပါခံစားရသည်။ ငလျင်ကြီးလှုပ်ပြီးသွားသော အခါအင်အား သေးငယ်သောနောက်ဆက်တွဲ ငလျင်ငယ်များလည်း ဆက်လက်လှုပ်သွားကြောင်း တိုင်းတာရရှိသည်။

ပိတ်မိနေ

အဆိုပါ ငလျင်ကြောင့် ကမ္ဘာလှည့်ခရီးသည်များအပါအဝင် ခရီးသွား ၄၀၀ ခန့် သောင်တင်ကာ ပိတ်မိနေကြသည်ဟု ကျိုဒိုသတင်းက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိုင်အိုဝါပြည်နယ်၌ ရေကြီး၊ ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံး

စီဒါရာပစ်(စ်) (အိုင်အိုဝါ) ဇွန် ၁၅

အမေရိကန်ပြည်ထောင်စု အိုင်အိုဝါနှင့် အချို့ပြည်နယ်များအတွင်း သောကြာနေ့က မြစ်များရေလျှံခြင်းကြောင့် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည့်အပြင် ထိုဒေသများ၏စီးပွားရေးလုပ်ငန်းလည်း ထိခိုက်ပျက်စီးရသည်။ မိုးပိုမိုရွာလာမည့်အရေးနှင့် ရေကာတာများ ကျိုးပေါက်မည့်အရေးကို စိုးရိမ်နေကြရသည်။

စီဒါမြစ်ပေါ်ရှိ ရေကာတာတစ်ခု ကျိုးပေါက်၍ မြို့လယ်တစ်ဝိုက်အား ရေအိုင်တစ်ခုအသွင်သို့ ပြောင်းလဲစေပြီးနောက် စီဒါရှိဆေးရုံတစ်ရုံကို ရေလွှမ်းသွားသဖြင့် လူနာများကို ရွှေ့ပြောင်းပေးခဲ့ရသည်။ ၁၅ နှစ်အတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးခြင်းဖြစ်သည်။ ပြည်သူများကိုလည်း နေအိမ်များမှ အတင်းအကျပ်ထွက်ခွာစေရသည်။

အိုင်အိုဝါပြည်နယ်၏ လူဦးရေနှစ်သိန်းရှိ ဒုတိယအကြီးဆုံး မြို့ စီဒါရာပစ်(စ်)တွင် နေရာအနှံ့အပြားရေလွှမ်းသွားခဲ့သည်။ သောင်တင်နေသော လူများနှင့် ထွက်ခွာရန်သတိပေးခြင်းကို မလိုက်နာသော လူများကို ကယ်ဆယ်ရေး မော်တော်ဘုတ်များက လိုက်လံခေါ်ယူကြရသည်။

အိုင်အိုဝါပြည်နယ်အုပ်ချုပ်ရေးမှူးက ရေကြီးခြင်းကြောင့် ၎င်း၏ပြည်နယ်သည် ဒေါ်လာ သန်းပေါင်းများစွာ ဆုံးရှုံးကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ခန္ဓာကိုယ်အစိတ်အပိုင်းများ ထည့်ထားသော သေတ္တာတစ်လုံး ပြင်သစ်အနောက်ပိုင်းတွင် ဒုတိယအကြိမ်တွေ့ရှိ

ပါရီ ဇွန် ၁၅

ပြင်သစ်နိုင်ငံ နန့်စ်မြို့ အနောက်ပိုင်းတွင် အသက် ၅၀ နှစ် ဝန်းကျင်ရှိ အမျိုးသမီးကြီးတစ်ဦး၏ ဦးခေါင်းနှင့် ခြေထောက် နှစ်ချောင်း ထည့်ထားသော လက်ဆွဲသေတ္တာ တစ်လုံးကို သောကြာနေ့တွင် တွေ့ရှိကြောင်း ပြည်သူ့အကျိုးဆောင်ရှေ့နေ တစ်ဦးက ပြောကြားသည်။

ကွာဝေး

အဆိုပါလက်ဆွဲသေတ္တာကို အာဒရီး မြစ်ကမ်းဘေးတွင် လမ်းလျှောက်နေသော စုံတွဲတစ်တွဲက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အင်္ဂါနေ့ကလည်း ပျက်စီးနေသောအမျိုးသမီးတစ်ဦးအလောင်းထည့်ထားသည့် လက်ဆွဲသေတ္တာတစ်လုံးကို ၎င်းမြစ်အနီးမှာပင် တွေ့ရှိခဲ့သည်။ ထိုသေတ္တာနှစ်လုံးကို တွေ့ရှိသည့် နေရာများသည် တစ်နေရာနှင့် တစ်နေရာ ၁၅ကီလို မီတာ(ကိုးမိုင်)ကွာဝေးသည်။

ထိုဖြစ်စဉ် နှစ်ရပ်ကို ဆက်စပ်ကြည့်ရာ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ပတ်ထားသော ပလတ်စတစ်ပတ်ပုံ ပတ်နည်းနှင့် ခန္ဓာကိုယ် ဖြတ်တောက်ထားပုံမှာ တူညီကြောင်း ၎င်းရှေ့နေက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်အနောက်မြောက်ပိုင်း မိန်းကလေးကျောင်း၌ ဗုံးပေါက်ကွဲ

အစ္စလမ္မာဘတ် ဇွန် ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဝေးလံခေါင်ဖျားသည့်ရွာတစ်ရွာရှိ မိန်းကလေးကျောင်း၌ ဗုံးပေါက်ကွဲခဲ့ကြောင်း၊ ထိုပေါက်ကွဲမှုသည် စစ်သွေးကြွများလက်ချက်ဟု သံသယရှိကြောင်း နယူးနက်ဝ့ါခ် အပြည်ပြည်ဆိုင်ရာ(အင်န်အင်န်အိုင်)သတင်းဌာနက ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ဆားရွာတွင် ကြာသပတေးနေ့ညကစံပြမိန်းကလေးကျောင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ထိုရွာသည် အနောက်မြောက်နယ်စပ်ပြည်နယ်ပက်ရှာဝါမြို့၏အနောက်မြောက် ကီလိုမီတာ ၂၀၀ ခန့်တွင် တည်ရှိသည်။

ဗုံးပေါက်ကွဲမှုကြောင့် ကျောင်းခန်းတစ်ခန်းမှာ လုံးဝပျက်စီးသွားပြီး ကျောင်းအဆောက်အအုံ၌လည်း ပျက်စီးမှုများရှိခဲ့သည်ဟုအင်န်အင်န်အိုင်က ဖော်ပြသည်။

မည်သူမည်ဝါမှန်းမသိသူတစ်ဦးသည် လွန်ခဲ့သည့် ရက်အနည်းငယ်က စာတစ်စောင်ဖြန့်ခဲ့သည်။ ထိုစာတွင် စံပြမိန်းကလေးကျောင်းတွင် အနောက်တိုင်းဆန်သောစာပေများသင်ကြားနေသဖြင့် ၎င်းတို့၏သမီးများကို မိဘများက ကျောင်းသို့ မလွှတ်ကြရန် သတိပေးထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီးကျွမ်းတွင် မိုးကြီးမှုကြောင့် လမ်းများပေါ်၌ ရေလွှမ်းနေသည်ကို ဇွန် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်တောင်ပိုင်း၌ မုန်တိုင်းကျရောက်ပြီး ရေကြီး
၅၇ဦး သေဆုံးပြီး ရေဘေးဒုက္ခသည် တစ်သန်းကျော် ဘေးလွတ်ရာ ထွက်ပြေးကြရ

ပေကျင်း ဇွန် ၁၆

တရုတ်နိုင်ငံတောင်ပိုင်းတွင် လွန်ခဲ့သော ၁၀ရက်က မိုးသက်မုန်တိုင်းကျရောက်ပြီး ရေကြီးသဖြင့် အနည်းဆုံး ၅၇ဦး သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ဇွန် ၁၅ရက်တွင် ပြောကြားသည်။

လာမည့်ရက်များတွင်လည်းမိုးနှင့် လေပြင်းများ ဆက်လက်တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာများက ထုတ်ပြန်ထားသည်။ ရေကြီး လာသောကြောင့် ရေဘေးဒုက္ခသည် ၁ ဒသမ ၃သန်းတို့မှာလည်း ရေလွတ်ရာကုန်းမြင့် ပိုင်းသို့ ထွက်ပြေး ကြရသည်။

ယခုအခါ မြို့ပြရေးရာဝန်ကြီးဌာနသည် ရေဘေးဒုက္ခရောက်နေသူများအား အကူအညီပေးရန် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီးဖြစ်ကြောင်း ဝက်ဘ်ဆိုက်သတင်းတွင် တင်ထားသည်။

ကွမ်တုံနှင့် ကွမ်စီးကျွမ်းဒေသများတွင် ဇီကျန်မြစ်ရေလျှံလာသည့်အတွက် ရေကြီးနေသော မြို့ရွာများ၏ သတင်းဓာတ်ပုံ များကို ရုပ်သံသတင်းတွင် ဖော်ပြထားသည်။ စီချွမ်၊ ယူနန်ပြည်နယ်များတွင် မိုးဆက်လက် ရွာရန်ရှိပြီး မိုးရေချိန်သည် ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း ပိုမိုနိုင်ကြောင်း အမျိုးသား မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်း

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့၏ပံ့ပိုးမှုတို့ဖြင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကို ပြန်လည် ဖွဲ့စည်းလိုက်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တွင် နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူးဦးအောင်ကြည်၊ တွဲဖက်အတွင်းရေးမှူးဦးရေး ထက်ဒိုး၊ အလုပ်အမှုဆောင်များအဖြစ် ဦးချမ်းဟန်၊ ဦးကိုကိုလေး၊ ဦးမောင် မောင်မြင့်၊ ဦးလှဝင်း၊ အတွင်းရေးမှူး-ရန်ကုန်ဂေါက်ကလပ်၊ အတွင်းရေးမှူး- မြန်မာဂေါက်ကလပ်၊ ဦးကိုကိုအေး၊ ဦးဇော်ဝင်းနိုင်၊ ဦးမျိုးထွန်းနှင့် ဦးတင့်ဦး တို့ပါဝင်ပြီး မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ရုံးခန်းလိပ်စာကို အမှတ် (၁၂/က) ခပေါင်းလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၁၅၅၈၊ ဖက်စ်- ၅၀၇၂၉၁ တို့သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၆

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများ အတွက် နိုင်ငံတကာမှ ထောက်ပံ့ရေး ပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်း သော ရေသန့်များ၊ ရွက်ဖျင်တဲများ၊ တာပေါ်လင်များ စုစုပေါင်း ၂၀ ဒသမ ၀၃ တန်သည် C-130 လေယာဉ်သုံးစင်းဖြင့် ယနေ့နံနက် ၉ နာရီ ၁၂ မိနစ်၊ နံနက် ၉ နာရီ ၂၈ မိနစ်နှင့် မွန်းလွဲ ၁နာရီ ၁၀ မိနစ် တို့တွင်လည်းကောင်း၊ ဆွစ်ဇာလန် နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ လှူဒါန်းသော တာပေါ်လင်အထုပ် ၄၈၀ စုစုပေါင်း ၁၉ ဒသမ ၃၉၂တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀ နာရီ ၂၈ မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်း သော အသင့်စားသုံးနိုင်သော အစား အစာများ၊ နို့မှုန့် ၁၁၈ ထုပ်၊ ခေါက်ဆွဲ ခြောက်ထုပ် ၄၃၃ ပါကင်၊ ပလတ် စတစ်စ ၃၇၅ ပါကင်၊ စောင် ၂၄၄ ထုပ်စုစုပေါင်း ၅၃ ဒသမ ၅၉ တန် သည် IL-76 လေယာဉ်နှစ်စင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် နံနက် ၁၀ နာရီ ၅၉ မိနစ်၊ နံနက် ၁၁ နာရီ ၄၈ မိနစ်နှင့် မွန်းလွဲ ၁၂ နာရီ၅၂ မိနစ်တို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသော အစားအစာများ၊ ဆေးမျိုးစုံ၊ အဝတ် အထည်များ၊ ရေသန့်များ၊ စောင်များ၊ အိပ်ရာခင်းများ စုစုပေါင်း ၁၉ ဒသမ ၀၈ တန်သည် C-130 လေယာဉ် နှစ်စင်းဖြင့် နံနက် ၁၁ နာရီခွဲနှင့် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တို့တွင် လည်းကောင်း ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာ ကြသည်။ (သတင်းစဉ်)

ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၈ ခုနှစ် (၁၈)ကြိမ်မြောက်ရဲချုပ်ဒိုင်းစစ်တုရင် ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရဲမှူး ချုပ် သန်းဟန်က အမှာစကားပြော ကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပ ရာ တာဝန်ရှိသူများက အကောင်းဆုံး ခုံဆုရ တပ်ဖွဲ့ဝင် ခြောက်ဦး၊ အသင်း လိုက် တတိယဆုရ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း အသင်းနှင့် အသင်းလိုက် ဒုတိယဆုရ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းတို့အား ဆုများချီးမြှင့်ကြပြီး အသင်းလိုက် ပထမဆုနှင့် တံခွန်စိုက် ဒိုင်းဆုရ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ အသင်းအား ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရဲမှူး ချုပ် သန်းဟန်က ဆုများပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲတွင် အသင်းလိုက်ပထမဆုနှင့် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းအား ရဲတပ်ရင်း များ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သန်းဟန်က တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ယမိုက်ကျမ်းပို့ချမည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်း၌ စာချ ဆရာတော် အရှင်တေဇနိယ(ယမိုက်အလင်းရောင် ကျမ်းပြု)က နယုန်လပြည့်ကျော် ၁ရက်(ဇွန် ၁၉ ရက်) ကြာသပတေးနေ့ ညနေ ၄ နာရီမှစ၍(ဥပုသ်နေ့မှအပ) နေ့စဉ် ပထမကြီးတန်းဆိုင်ရာပုဂ္ဂိုလ်များ၊ ယမိုက် သုတေသီများအတွက် အထက်ယမိုက်ကျမ်းမှစတင်ကာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးတို့က ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၆

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့်တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများ က ငွေကျပ် ၁၁၃၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်း များ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင် ပြည်သူများကအလှူငွေကျပ်၂၅၂၈၇၀နှင့်ငွေကျပ်ငါးသိန်း တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစု များက ငွေကျပ် ၄၂၀၂၀၇၅ တန်ဖိုးရှိ လယ်ယာသုံး ပစ္စည်းများ၊ ရခိုင်ပြည်နယ်မှ စေတနာရှင်ပြည်သူများ နှင့် တပ်မတော်သား မိသားစုများက ငွေကျပ် ၃၄၀၄၂၇၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေ ကျပ် ၁၀၄၇၅၀၀၀၀ အပါအဝင် စေတနာရှင်ပြည်သူ များ၏ ယနေ့လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၄၃၈၆၀၆၄၅ကျပ်ဖြစ်ရာ ဇွန် ၁၆ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေး ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၂၅၆၂၂၄၈၅၄၁ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ရုံးအမှတ်(၇)၊ နေပြည်တော်
လက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူးရာထူးနှင့် ပုံနှိပ်ကျွမ်းကျင်-၄(ကွန်ပျူတာ)ရာထူးများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်တွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများလျှောက်ထား နိုင်ပါသည်-

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	လက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူး (လစာနှုန်းကျပ် ၃၃၀၀၀-၁၀၀၀-၃၈၀၀၀)	(၁၀)နေရာ	တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ **ကွန်ပျူတာစာစီ၊ စာရိုက် ကျွမ်းကျင်ရမည်။ ၎င်းအပြင် Graphic Design နှင့် စာအပြင်အဆင် (Layout) လုပ်ငန်းများ တတ်ကျွမ်းရမည်။**
(ခ)	ပုံနှိပ်ကျွမ်းကျင် - ၄ (ကွန်ပျူတာ) (လစာနှုန်းကျပ် ၂၇၀၀၀-၁၀၀၀-၃၂၀၀၀)	(၂၀)နေရာ	တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ **ကွန်ပျူတာ စာစီ၊စာရိုက် ကျွမ်းကျင်ရမည်။**

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁-၇-၂၀၀၈ ရက်နေ့တွင် အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူ အမျိုးသားဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း ၅ နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ **လျှောက်လွှာကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲလျက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၆-၂၀၀၈ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်-**
(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(ခ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဂ) ရပ်ကွက်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(ဃ) သက်ဆိုင်ရာ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံ တင်ထားသည့် အလလကခ ပုံစံ-၂ မိတ္တူ
(င) လိုင်စင်ဓာတ်ပုံ(၄)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်)
(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၄။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို **တာဝန်ထမ်းဆောင်ရာဌာန/ အဖွဲ့အစည်း များမှတစ်ဆင့် ၃၀-၆-၂၀၀၈ ရက်နေ့ နောက်ဆုံးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ နောက်ဆုံးထား ပေးပို့ရမည်။**

၅။ အရည်အချင်းစစ်ဆေးခြင်းကို ၁၁-၇-၂၀၀၈ ရက်နေ့၌ **နေပြည်တော် သတင်းစာတိုက်** တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အရည်အချင်းစစ်ဆေးရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ကိုဖြေဆိုပြီး ကွန်ပျူတာကျွမ်းကျင်မှုကိုပါ လက်တွေ့စစ်ဆေးသွားမည် ဖြစ်သည်။

၆။ ဖြေဆိုမည့်သူများအနေဖြင့် ၁၀-၇-၂၀၀၈ ရက်နေ့တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ သတင်းပို့ရန်နှင့် ဖြေဆိုခွင့်ကတ်ပြားများ လာရောက် ထုတ်ယူရမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၁၂၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း ဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၀) ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

၁၉၉၆ ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ၏ သက်တမ်းအရှည် ဆုံး ပြည်တွင်းပြည်ပသတင်းဂျာနယ်ဖြစ်သည့် ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ်ဂျာနယ် အမှတ်(၆၂၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် အဆိုတော် ဖြိုးကြီး နှင့် အကယ်ဒမီ စိုးမြတ်နန္ဒာတို့၏ အိမ်ထောင်ရေးပြဿနာ၊ မူးယစ်ဆေးနှင့် အနုပညာရှင်တို့အမြင်၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် နာဂစ်ကဲ့သို့ မုန်တိုင်းများ မကြာခဏဖြစ်နိုင်၊ ပူနွေးလာမှု၏ ၉၀ ရာခိုင်နှုန်းသည် လူသားတို့ကြောင့်ဖြစ်၊ သစ်သား၏ သဘာဝအရောင်များဖြင့် အနုစိတ်ခြယ်မှုန်းထားသော ပထမဆုံး သစ်ကပ်ပန်းချီကားအရောင်းဆိုင်ဖွင့်လှစ်ပြီ၊ မုန်တိုင်းအပြီး ရန်ကုန်မြစ် ထွက်ပေါက်များ ပိတ်ဆို့နေခြင်းကို ဇူလိုင်လအတွင်း ယန္တရားများဖြင့် အပြီး ရှင်းလင်းမည်၊ ငါးများ၏ ခန္ဓာကိုယ်ပေါ်၌ အမှတ်အသားများပြုလုပ်၍ သုတေ သနပြုလုပ်လျက်ရှိ၊ ရေယာဉ်များဆိုက်ကပ်ရေး အဆင်ပြေနိုင်ရန် ဖော်ယာများ အချိန်မီ ပြုပြင်ရန်လိုအပ်၊ ရောဝတီတိုင်းရှိမိုးခိုတောများ ပြန်လည်အသုံးပြု နိုင်ရန် သုံးနှစ်အချိန်ယူရမည်၊ တရုတ်လျှောင်ကြောင့်ဖြစ်ပေါ်သော ရေအိုင်ကြီး ရေလျှံမှုကြောင့် မော်လမြိုင်မြို့နယ်ရှိရွာများ ရွှေ့ပြောင်းရမည်ဆိုသည့်သတင်း မမှန်ကန်၊ အမေရိကန်မှ နွားရူးရောဂါဖြစ်နေသော အမဲသားများတင်သွင်းခဲ့၍ တောင်ကိုရီးယားတွင် ပြဿနာဖြစ်၊ မြန်မာနိုင်ငံရောက် အင်ဒိုနီးရှားဆေးအဖွဲ့ နှင့် တွေ့ဆုံမေးမြန်းခြင်း၊ လေဘေးသင့်ပြည်သူများ၏ စိတ်ခွန်အားအတွက် အနုပညာရှင်များသွားရောက်ဖြေဖျော်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ပုဂ္ဂလိက မီဒီယာများ၏ စုပေါင်းညီညွတ်မှု အလှူဒါန၊ ဂျပန်တွင် သီဆိုဖျော်ဖြေခဲ့သည့် သဇင်၊ တရုတ်ပြည်တောင်ပိုင်းတွင် ပြင်းထန်သည့် မိုးသက်မုန်တိုင်းများ ကျရောက်၊ မိုးကုတ်မြို့တွင် ရေကြီး၊ မြေပြို၍ လူ ၁၁ ဦးသေဆုံးခဲ့ရသည့် သတင်းဓာတ်ပုံအပြည့်အစုံ၊ အဖေများနေ့အတွက် အနုပညာရှင်များ၏ မေတ္တာ တော်တမ်းချင်းများ၊ ရေကြီးခြင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ကာကွယ် နည်းများ၊ ပေါင် ၅၀၀ လျော့ကျသွားသည့် ကမ္ဘာ့အဝဆုံးလူသားက မွေးနေ့ပွဲ ကျင်းပပြီး လက်ထပ်နိုင်ရန် မျှော်လင့်နေ၊ ကျောကုန်းတွင် လိင်အင်္ဂါအပိုပါ သော ကလေးမွေးဖွား၊ ရွှေမိုးငွေမိုးရွာစေလိုသူ သူဌေးက လေယာဉ်ပေါ်မှ ငွေစက္ကူများကြဲချ၊ ဗီယက်နမ်ကောင်းကင်မှာ ပန်းကန်ပြားပျံပေါက်ကွဲခဲ့သလား၊ ကမ္ဘောဒီးယား၏ ၄၂ ထပ်မြင့် ပထမဆုံး မိုးပျံအဆောက်အအုံ၊ ရိုမေးနီးယား တိုက်လေယာဉ်နှင့် ပန်းကန်ပြားပျံတစ်စင်းတိုက်မိခဲ့ဟုဆိုစသည့် စိတ်ဝင်စား ဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သောက်သုံးရေနှင့် ပတ်သက်၍
သတိပေးနှိုးဆော်ချက်

- မသန့်ရှင်းသောသောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှောရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်း ဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ရေသန့်ပင်ဖြစ်လင့်ကစား မသက်ာပါက ရေကိုကျိုချက်ပြီးမှ သောက် ပါ။

ကျန်းမာရေးဝန်ကြီးဌာန

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။